မန္တလေးနေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဧပြီဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၂၃)၊ ၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ ၂၇-၁၀-၂၀၂၆၊ အင်္ဂါနေ့။

မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)



သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့)တွင်

နေပြည်တော်ကောင်စီနယ်မြေရှိ ဘုရားစေတီများ၌ ကောင်းမှုကုသိုလ်ပြုလုပ်သူများဖြင့် စည်ကား

နေပြည်တော် အောက်တိုဘာ ၂၆

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ် သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့)ဖြစ်သည့်အတွက် နိုင်ငံတစ်ဝန်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ဆွမ်း၊ ပန်း၊ ဂေဒျမံ်း၊ ဆီမီးများ ကပ်လှူပူဇော်ခြင်း၊ အလှူဒါနပြုခြင်း၊ သီလဆောက်တည်ခြင်းနှင့် တရားဘာဝနာပွားများခြင်းစသည့် ကုသိုလ်ကောင်းမှုများကို ပြုလုပ်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ တန်ခိုးကြီး ဘုရား၊ စေတီ၊ ပုထိုးများ၌လည်း ဗုဒ္ဓဘာသာထုံးတမ်းအစဉ်အလာနှင့်အညီ ကုသိုလ်ကောင်းမှုပြုလုပ်၍ သီတင်းသီလဆောက်တည်ကြသူ ရဟန်းရှင်လူပြည်သူများဖြင့် စည်ကားခဲ့သည်။

စာမျက်နှာ ၄ သို့ *

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ တော်ဝင်ယာဉ်လိုင်းနှင့် ရာဇာမင်း EV ယာဉ်များဖြင့် နှစ်ရက်တာအခမဲ့ပို့ဆောင်ပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၆

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) မင်္ဂလာအခါသမယတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဘုရားဖူးပြည်သူ ရဟန်းရှင်လူအပေါင်းတို့ စိတ်အေးချမ်းသာစွာ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုနိုင်စေရန်နှင့် ခရီးသွားလာရေး လွယ်ကူချောမွေ့စေရန်အတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ စီစဉ်မှုဖြင့် တော်ဝင်ယာဉ်လိုင်း ရှစ်စီးနှင့် ရာဇာမင်း EV ယာဉ်တစ်စီးတို့ဖြင့် အောက်တိုဘာ ၂၆ ရက်မှ ၂၇ ရက်အထိ နှစ်ရက်တိုင်တိုင် အသွားအပြန် အခမဲ့ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အခမဲ့ပြေးဆွဲပေးမည့် ခရီးစဉ်များကို နံနက်ပိုင်းနှင့် ညနေ တစ်ခေါက်စီသွန်းဖြင့် လမ်းကြောင်း(၁)အဖြစ် ဘောဂသီရိကားဝင်း၊

စာမျက်နှာ ၃ သို့ ○



ယနေ့ ဖတ်စရာအညွှန်း


နည်းပြ ကာရစ် လာမည့်ရက်ပိုင်းအတွင်း မန်ယူအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိ

စာမျက်နှာ ၁၁

လျှပ်စစ်မီးဖိုများအကြောင်း တစေ့တစောင်း(ဆောင်းပါး)

စာမျက်နှာ ၁၄

ဆိုင်ကလုန်းမုန်တိုင်း ၄၈ နာရီအတွင်း အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်နှင့် ရနမ်ကမ်းခြေတို့ကို ဖြတ်ကျော်နိုင်



နေပြည်တော် အောက်တိုဘာ ၂၆

ယနေ့ ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "အာနာဘာ"သည် အနောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်မြောက်ဘက် ရေမိုင် ၃၁၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ အရှေ့-အရှေ့ တောင်ဘက်

စာမျက်နှာ ၃ သို့ ◆

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မီးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၂၆

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် နေရာအနှံ့အပြား၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြိုးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မြန်မာ့ပင်လယ်ပြင်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့် ရှိနိုင်ပါသည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၆ ပေမှ ၈ ပေခန့် ရှိနိုင်ပါသည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/၈လ

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၇ ရက်၊ အင်္ဂါနေ့။

မန္တလေးနေ့စဉ်

မြန်မာ့ဂိုဏ်းရာအနုပညာများ ရေရှည်ရှင်သန်ပွားများရန် အားလုံးပိုင်းဝန်းဆောင်ရွက်ကြရမည်

၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ဂိုဏ်းရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၊ (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)နှင့် အဆင့်မြင့်ပညာအဆင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၅ ရက်မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1) ၌ကျင်းပရာ (၂၇)ကြိမ်မြောက် မြန်မာ့ဂိုဏ်းရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်နီနီအေး တက်ရောက်အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

ဒုတိယသမ္မတ ဒေါ်နန်နီနီအေးက အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် ပြိုင်ပွဲတွင် ထူးချွန်စွာယှဉ်ပြိုင်နိုင်ခဲ့ကြသူများကို ဆုချီးမြှင့်ဂုဏ်ပြုသည့် အခမ်းအနားတစ်ခုသာမက မြန်မာ့ဂိုဏ်းရာအနုပညာကို တန်ဖိုးထားမြတ်နိုးကြသူများ၏ ကြိုးစားအားထုတ်မှုနှင့် မျိုးဆက်သစ်အနုပညာရှင်များ၏ အနာဂတ်မျှော်မှန်းချက်များကို အသိအမှတ်ပြုအားပေးသည့် အခမ်းအနားဖြစ်ကြောင်း၊ ယခုရရှိသည့်ဆုများသည် ပိမိတို့၏ ပင်ကိုအရည်အချင်း၊ လေ့ကျင့်အားထုတ်မှုနှင့်ဇွဲလုံ့လများကို အသိအမှတ်ပြုမှုတစ်ရပ်ဖြစ်သကဲ့သို့ အနုပညာရပ်များကို ဆက်လက်လေ့လာသင်ယူပြီး ပိုမိုတိုးတက်အောင် ကြိုးစားသွားကြရန်အတွက် တွန်းအားတစ်ရပ်ဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း၊ အနုပညာလောကတွင် အောင်မြင်မှုသည် ဆုတံဆိပ်ရရှိခြင်း တစ်ခုတည်းဖြင့်တိုင်းတာ၍မရဘဲ ပညာရပ်ကို နက်နက်ရှိုင်းရှိုင်း နားလည်တတ်မြောက်မှုနှင့် လူမှုအသိုက်အဝန်းအတွက် အကျိုးပြုနိုင်မှုတို့ဖြင့် တိုင်းတာကြရမည်ဖြစ်ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများ၏ မတူကွဲပြားသည့် ယဉ်ကျေးမှုအမွေအနှစ်များ ကြွယ်ဝသည့်နိုင်ငံဖြစ်ရာ တိုင်းရင်းသားလူမျိုးအသီးသီး၏ အဆို၊ အက၊ အရေး၊ အတီးရိုးရာအနုပညာများကို လေ့လာဖော်ထုတ်ခြင်း၊ အပြန်အလှန်မျှဝေခြင်းနှင့် တန်ဖိုးထားလေးစားခြင်းတို့သည် ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မာစေရန် အထောက်အကူပြုကြောင်း၊ အနုပညာသည် ဘာသာစကားနှင့် ဒေသကွာခြားမှုများကိုကျော်လွန်ပြီး လူတို့၏ စိတ်နလုံးကို ဆက်သွယ်ပေးနိုင်သည့် တံတားတစ်စင်းလည်းဖြစ်ကြောင်း၊ ယခုပြိုင်ပွဲကရရှိသည့် အတွေ့အကြုံကောင်းများကို အခြေခံပြီး မြန်မာ့ဂိုဏ်းရာအနုပညာများ ရေရှည်ရှင်သန်ဖွံ့ဖြိုးရန် အားလုံးက ပိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းပြောကြားသည်။

ဒုတိယသမ္မတနှင့်တာဝန်ရှိသူများက ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ဂိုဏ်းရာယဉ်ကျေးမှု အဆို အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ် အတွင်း)၊ (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)နှင့် အဆင့်မြင့်ပညာအဆင့် ဆုရရှိကြသူများအား ဆုများချီးမြှင့်ခဲ့ကြသည်။ (၂၇)ကြိမ်မြောက် မြန်မာ့ဂိုဏ်းရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၊ (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)နှင့် အဆင့်မြင့်ပညာအဆင့် ဆုချီးမြှင့်ခြင်းအခမ်းအနားတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဆုရရှိကြသည့် ပြိုင်ပွဲဝင်များအား ပထမဆု **၈၆** ဆု၊ ဒုတိယဆု **၈၃** ဆု၊ တတိယဆု **၈၁** ဆု စုစုပေါင်း ဆု ၂၅၀ ကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

မြန်မာ့ဂိုဏ်းရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ်၊ တတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ဂိုဏ်းရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များအကြားတွင် ဂိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊ မြန်မာ့ယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပျက်ပွဲပြိုတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းပြုပြင်တင်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူပေါင်းပါဝင်ဆောင်ရွက်ရေးစသည့် ဦးတည်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

ရပ်ရွာဝန်ထမ်းဟောင်းများအသင်း(မန္တလေး) သတ္တမအကြိမ် သက်ကြီးကန်တော့ပွဲ ကျင်းပ

မန္တလေး အောက်တိုဘာ ၂၆

ရပ်ရွာဝန်ထမ်းဟောင်းများအသင်း(မန္တလေး)၏ သတ္တမအကြိမ် သက်ကြီးကန်တော့ပွဲကို အောက်တိုဘာ ၂၅ ရက်နံနက်ပိုင်းက မန္တလေး၊ အောင်မြေသာစံမြို့နယ်ရှိ တိုင်းရပ်ရွာမြှင့်တင်ရေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် တိုင်းရပ်ရွာမြှင့်တင်ရေးအသင်း အတွင်းရေးမှူး ဦးဝင်းက အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပြီး ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက သက်ကြီးကန်တော့ပွဲကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဘဏ္ဍာရေးမှူး ဦးအုန်းမောင်က ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြသည်။ ဆက်လက်၍ အမှုဆောင် ဦးပိုက်ပိုက်က ကန်တော့ချိုးကိုတိုင်းပေးပြီး အသက် ၈၀ နှစ်အထက် သက်ကြီးကန်တော့ခံ ၁၄ ဦးအား တစ်ဦးလျှင် ပူဇော်ကန်တော့ငွေကျပ် ၁၉၉၆၀၀ နှင့် ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး တက်ရောက်လာသူများအား နံနက်စာဖြင့် ဧည့်ခံခဲ့ကြသည်။

သက်ကြီးကန်တော့ပွဲသို့ ရပ်ရွာဝန်ထမ်းဟောင်းများအသင်း(မန္တလေး)အသင်းသူ၊ အသင်းသားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(၀၇၀)

o-o-o-o-o-o

ကျောက်ပန်းတောင်းမြို့နယ် မြို့ဦးအောင်စေတီဘုရားကြီး၌ ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင် ကပ်လှူပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

ကျောက်ပန်းတောင်း အောက်တိုဘာ ၂၆

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)ဖြစ်သည့် ယနေ့သည်နေ ၆ နာရီမှစတင်၍ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင် ကပ်လှူပူဇော်ခြင်းနှင့် မမြစကြာရွတ်ဖတ်ခြင်းများကို မြို့ဦးအောင်စေတီဘုရားကြီး ရင်ပြင်တွင်ကျင်းပရာ ပန်း၊ ဆီမီး၊ ရေချမ်း ကပ်လှူပူဇော်သူများ၊ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်။

အဆိုပါ ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင် ကပ်လှူပူဇော်ပွဲသို့ တိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၊ ဦးဇေလင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွှန့်ရွှေနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး၊ ပြည်သူများနှင့်အတူ ကပ်လှူပူဇော်ခဲ့ကြသည်။ အလားတူ ကျောက်ပန်းတောင်းမြို့ပေါ်ရှိ ဆုတောင်းပြည့်မဟာစေတီကြီးဘုရား၊ ကုန်းတော်ကြီး မင်္ဂလာစေတီဘုရား၊ မြတ်ရွှေဂူဘုရားနှင့် သက်တော်ရာ၊ သက်တော်ရှည်ဘုရားတို့တွင်လည်း ပန်း၊ ဆီမီး၊ ရေချမ်း ကပ်လှူပူဇော်ခြင်း၊ ရပ်ကွက် ဝတ်ရွတ်စဉ်အသင်းများက ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ခြင်းနှင့် ဘုရားဖူးလာပြည်သူများအား စတုဒိသာကျွေးမွေးလှူဒါန်းခြင်းတို့ကို အစုအဖွဲ့လိုက် ကုသိုလ်ပြုလျက်ရှိကြရာ ဘုရားစေတီတိုင်းတွင် ဘုရားဖူးပြည်သူများ၊ ကုသိုလ်ပြုသူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)

o-o-o-o-o-o

သီတင်းကျွတ်အဘိသမယတွင် ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ပွဲနှင့် အဘိဓမ္မာတရားရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

သပိတ်ကျင်း အောက်တိုဘာ ၂၆

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ သပိတ်ကျင်းမြို့နယ်၌ သီတင်းကျွတ်လပြည့်အခါသမယတွင် ဆီမီးထွန်းညှိပူဇော်ခြင်းနှင့် အဘိဓမ္မာတရားရွတ်ဖတ်ပူဇော်ခြင်းတို့ ကျင်းပခဲ့သည်။

သပိတ်ကျင်းမြို့၊ ကဘဲရပ်ကွက် ကမ္မာအေးဆုတောင်းပြည့်စေတီတော်တွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ စုပေါင်း၍ ဘုရားစေတီတော်ရင်ပြင်များတွင် ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ခြင်းများ ပြုလုပ်ခဲ့ကြပြီး ဆိပ်ကမ်းရပ်ကွက် အောင်မြင့်သာကျောင်းတိုက်တွင် အဘိဓမ္မာတရား ရွတ်ဖတ်ပူဇော်ခြင်းများ ဆောင်ရွက်ကြပြီး မြို့ပေါ်ရပ်ကွက်များရှိ စေတီတော်များနှင့် ဘုန်းတော်ကြီးကျောင်းများတွင်လည်း ဆီမီးထွန်းညှိပူဇော်လျက်ရှိသည်။

အဆိုပါပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် ဘုရားဂေါပကအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဖြိုးမမ(ပြန်/ဆက်)

သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

စဉ့်ကူးမြို့ ရွှေမုဋ္ဌောဘုရား၌ သီတင်းကျွတ်လပြည့်နေ့ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ပွဲ ကျင်းပ



စဉ့်ကူး အောက်တိုဘာ ၂၆

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ စဉ့်ကူးမြို့၊ အမှတ်(၁)ရပ်ကွက်ရှိ သမိုင်းဝင်ရွှေမုဋ္ဌောဘုရား၌ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ပွဲကို သီတင်းကျွတ်လပြည့်နေ့ ညနေ ၆ နာရီခွဲ ကကျင်းပသည်။

ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ပွဲတွင် စဉ့်ကူးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်း၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ဘုရားဂေါပကအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ စုပေါင်း၍ တစ်ပြိုင်နက် ဆီမီးထွန်းညှိပူဇော်ကြသည်။

စဉ့်ကူးမြို့ ရွှေမုဋ္ဌောဘုရား၌ ဆီမီးထွန်းညှိကပ်လှူပူဇော်သူများနှင့် ဘုရားဖူးလာကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

(ခဲပုံ)

တင်စာလွင်(ပြန်/ဆက်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၀၄၇၃၉၈၊ ၀၂-၂၀၃၂၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း-၇၅၁၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်

ညီညွတ်ရေးက အရေးကြီး

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ ပြန်ပြီးစုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးကအရေးကြီးပါတယ်။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများ ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁၌ ကျင်းပလျက်ရှိသည့် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲများသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ ဝန်ထမ်းနှင့် ဝန်ထမ်းဓိသားစုများ၊ အနုသုခပညာရပ်ကို ချစ်မြတ်နိုးကြသည့် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုအားပေး

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ရှိ နီလာခန်းမ၌ ကျင်းပလျက်ရှိသည့် "ရုပ်သေးကြိုးဆွဲ"ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝါသနာရှင်အဆင့် (၃တိယတန်း)အမျိုးသမီးပြိုင်ပွဲဝင်များက မင်းသားနှင့် မင်းသမီးကြိုးဆွဲရုပ်သေးရုပ်တို့ဖြင့် ကကြိုးကကွက် စုံလင်စွာ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။ **(အပေါ်ယာဝုံ)**



ထို့နောက် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ရှိ မြခန်းမ၌ ကျင်းပလျက်ရှိသည့် "ကာလပေါ်" တေးသီချင်းအဆိုပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝါသနာရှင်အဆင့်(၃တိယတန်း) အမျိုးသားပြိုင်ပွဲနှင့် ဝါသနာရှင်အဆင့် (၃တိယတန်း) အမျိုးသမီးပြိုင်ပွဲ၊ မြခန်းမ၌ကာလပေါ် တေးသီချင်းအဆိုပြိုင်ပွဲအဖြစ် ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲနှင့် ဝါသနာရှင်အဆင့်(၃တိယတန်း) အမျိုးသမီးပြိုင်ပွဲတို့ကို ကျင်းပခဲ့ကြပြီး ပြိုင်ပွဲဝင်များက အနုသုခမ ရသမြောက်စွာယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

❍ ရွှေဖုံးမှ

နှင်းဆီပန်းအဝိုင်း၊ ရွှေညောင်ပင်ဂိတ်၊နေပြည်တော်ကောင်စီရုံးရှေ့၊ ဓမ္မာသီရိဆေးရုံရှေ့၊ စည်ပင်ဧည့်ရိပ်သာ (၁/၂)ရှေ့၊ သပြေကုန်းအဝိုင်း၊ ပရဆေးဥယျာဉ်၊ မြို့မစျေး၊ သုခတော်ဝင်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရုပ်ကွက်၊ NSA၊ ဥဇ္ဇာသိဒ္ဓိရုပ်ကွက်၊ ဘိုးဘွားရိပ်သာမှ မာရဝိဇယဘုရားအထိ ဖြစ်သည်။

လမ်းကြောင်း (၂) အဖြစ် လယ်ဝေးမြို့၊ အောင်ဇေယျတြိဂံလမ်းဆုံ၊ လယ်ဝေးအားကစားကွင်း၊ ရွှေအင်ကြင်း၊ ဒဂို့ဇာသိရီစျေး၊ ကုံကော်ပန်းအဝိုင်း၊ Excel Capital လမ်းဆုံ၊ တုံဂပူရိလမ်းဆုံ၊ Junction Center၊ အဆင့်မြင့်စျေး၊ ခုတင် (၁၀၀၀) ဆေးရုံ၊ မြို့မစျေး၊ သုခတော်ဝင်အိမ်ရာ၊ ခေနသိဒ္ဓိရုပ်ကွက်၊ နည်းပညာတက္ကသိုလ်မှ မာရဝိဇယဘုရားအထိ ဖြစ်သည်။

လမ်းကြောင်း (၃) အဖြစ် သိုက်ချောင်းလမ်းဆုံ၊ ခုတင် (၃၀၀) ဆေးရုံ၊ ကျည်တောင်ကန်လမ်းဆုံ၊ နေပြည်တော်ဘူတာကြီး၊ NSPU၊ အင်ကြင်းပန်းအဝိုင်း၊ ပတ္တာရဲစခန်းရှေ့၊ ကုမုဒြာကြာပန်းအဝိုင်း၊ စည်ပင်အိမ်ရာ၊ သပြေကုန်းအဝိုင်း၊ ပရဆေးဥယျာဉ်၊ မြို့မစျေး၊ သုခတော်ဝင်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရုပ်ကွက်၊ NSA၊ ဥဇ္ဇာသိဒ္ဓိရုပ်ကွက်၊ ဘိုးဘွားရိပ်သာမှ မာရဝိဇယဘုရားအထိ ပြေးဆွဲပေးလျက်ရှိသည်။

ယခုကဲ့သို့ အဘိဓမ္မာအခါတော်နေ့ သီတင်းကျွတ်ရုံးပိတ်ရက်များအတွင်း လျှပ်စစ် EV ယာဉ်များနှင့် ခေတ်မီယာဉ်လိုင်းများဖြင့် အခမဲ့ ပြေးဆွဲပေးခြင်းကြောင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများသို့ သွားရောက် ဖူးမြော်လိုကြသည့် ဘုရားဖူးပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် မိသားစုများအတွက် ခရီးစရိတ်သက်သာစွာ စိတ်အေးချမ်းသာစွာ သွားရောက်ဖူးမြော်နိုင်ကြမည် ဖြစ်ကြောင်း သိရသည်။

သျှင်ဦးမောင်(ဒကွိဏ)



မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

◆ ရွှေဖုံးမှ

ရေမိုင် ၃၁၀ ခန့်နှင့် ကာကီနာဒါမြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၃၅၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်"၏ လက်ရှိ အခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝေးရောင် အဆင့်ဟု သတ်မှတ်သည်။

ဆိုင်ကလုန်းမုန်တိုင်း"အာနာဘ်"၏ တည်နေရာ ဗဟိုချက်လေဖိအား‌နှင့် လေတိုက်နှုန်း

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်" သည် ညနေ ၃ နာရီခွဲတွင် မြောက်လတ္တီကျဲ ၁၅ ဒသမ ၄ ဒီဂရီနှင့် အရှေ့လောင်ဂျီကျဲ ၈၈ ဒသမ ၂ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်နှုန်းခန့်ဖြစ်သည်။

နောက် ၄၈ နာရီအတွင်း ခန့်မှန်းချက်

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း"အာနာဘ်" သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၁၈ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းသို့ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း၊ အောက်တိုဘာ ၂၇ ရက်တွင် အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း ရောက်ရှိနိုင်ပြီး ထိုမှတစ်ဆင့် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ အောက်တိုဘာ ၂၈ ရက် နေ့လယ်ပိုင်းတွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်နှင့် ရနုမဲကမ်းခြေတို့ကို ဘပတ်လမြို့နှင့် ဗီဆာကာပတ္တနမ်မြို့တို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

သတိပေးနှိုးဆော်ချက်

ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်" ၏ အရှိန်ကြောင့် ယနေ့ညနေမှ အောက်တိုဘာ ၂၉ ရက် အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဆိုင်ကလုန်းမုန်တိုင်း"အာနာဘ်"၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှု အန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

* ရွှေဖုံးမှ

နံနက်ပိုင်းမှစတင်၍ နေပြည်တော် ဒကွိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ နေရောင်ပြအင်းစေတီတော်၊ ဒကွိဏသီရိမြို့နယ်ရှိ ရန်အောင်မြင်စေတီတော်၊ ဟျဉ်းမနားဘုရားကိုးဆူစေတီတော်၊ ဆုတောင်းရဆုတောင်းပြည့်စေတီတော်၊ ဥတ္တရသီရိမြို့နယ်ရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်ကြီးနှင့် "ဖွား၊ ပွင့်၊ ဟော၊ စံ" သံဝေနိယ(၄)ဌာနအပါအဝင် ဘုရား၊ စေတီ၊ ပုထိုးများတွင် ဘုရားဖူးများဖြင့် စည်ကားခဲ့ပြီး ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူခြင်း၊ ဌာပုသိလဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်း၊ ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ခြင်းတို့ဖြင့် ပြည်သူများ ကုသိုလ်ကောင်းမှုပြုလုပ်လျက်ရှိသည်ကို တွေ့မြင်ရသည်။

ညပိုင်းတွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူးရဟန်း၊ ရှင်လူပြည်သူများနှင့် ဘိုးဘွားများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရုပ်များ၊ မုစလိန္ဒာကန်နှင့် နဂါးရုဲဘုရား၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါဓိပတိ သာသနာ့ဓိမာန်တော်ကြီး၊ သဒ္ဓါဓိပတိခေါင်းလောင်းတော်နှင့် ကျောက်စာရုံစေတီတော်များအပါအဝင် ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် ဥယျာဉ်များကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာပွားများခြင်းနှင့် ဝါကျွတ်ကာလ အခါသမယအဖြစ် ပရိတ်၊ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီးထွန်းညှိပူဇော်ခြင်းနှင့် မီးပုံးပျံငယ်များ လွှတ်တင်ပူဇော်ခြင်းတို့ဖြင့် ကုသိုလ်ယူကြသည်။

ထို့အတူ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌လည်း နံနက်ပိုင်းမှစတင်၍ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အခမ်းအနားများကို ကျင်းပရာ စိတ်အေးချမ်းသာစွာဖြင့် ပါဝင်ကုသိုလ်ယူပြီး သီတင်းသီလဆောက်တည်ကြသည့် နေပြည်တော်နှင့် ပတ်ဝန်းကျင်မြို့နယ်၊ ကျေးရွာများမှ ဘုရားဖူးလာပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားခဲ့ပြီး ညပိုင်းတွင် စေတီတော်ရင်ပြင်၌ ဆီမီးများ ထွန်းညှိပူဇော်ကြသည်။

အလားတူ နေပြည်တော်ရှိ Ocean Super Center၊ Junction Center၊ Naypyitaw Wholesale တို့တွင် ဈေးဝယ်ကြသူများနှင့် မင်္ဂလာကန်တော်၊ မင်္ဂလာရှမ်းကန်၊ နေပြည်တော် ရေပန်းဥယျာဉ်နှင့် နေပြည်တော်၏ အထင်ကရနေရာများတွင် LED မီးရောင်စုံများဖြင့် အလှဆင်ထားရာ အပန်းဖြေလာရောက်ကြသူများဖြင့် စည်ကားခဲ့သည်။

ထို့ပြင် မြို့နယ်ရပ်ကွက်၊ ကျေးရွာများရှိ ဘုရားစေတီများနှင့်နေအိမ်များ၌ မြတ်စွာဘုရားရှင်အား ရည်စူး၍ ဆီမီးနှင့်မီးရောင်စုံ ထွန်းညှိပူဇော်ခြင်း၊ မီးပုံးပျံငယ်များ လွှတ်တင်ပူဇော်ခြင်းများ၊ မိဘများနှင့် သက်ကြီးဝါကြီး၊ ဆရာသမားများကို လိုက်လံကန်တော့ခြင်းတို့ဖြင့် စည်ကားလျက်ရှိသည်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။

အထူးအစီအစဉ်အဖြစ် သီတင်းကျွတ်အခါသမယ နေ့ထူးနေ့မြတ်ရက်များအတွင်း နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြမည့် ရဟန်း ရှင်လူ မိဘပြည်သူများ ခရီးလမ်းချောမွေ့အဆင်ပြေစေရေးအတွက် နေပြည်တော် စည်ပင်သာယာရေးကော်မတီက ပျဉ်းမနားမြို့ ဘောဂသီရိကားကွင်းမှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ တော်ဝင်ယာဉ်လိုင်းနှင့် ရာဇမင်း EV ယာဉ်တို့ဖြင့် နှစ်ရက်တိုင်တိုင် အခမဲ့ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

အေးအေးသန့်
ဓာတ်ပုံ-ပြည့်စုံအောင်



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။



နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ဓာတုစယစေတီတော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။





မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ကျောက်စာရုံစေတီတော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။

* စာမျက်နှာ ၂၄ မှ

ဆုတံဆိပ်များကို ရေကူးအားကစားနည်းမှ ညီညီလင်းထက်က မီတာ(၁၅၀) တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု၊ မီတာ(၅၀) အလွတ်ကူးပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု၊ မီတာ(၅၀) ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု၊ မီတာ(၁၀၀)အလွတ်ကူးပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု၊ ပြေးခုန်ပစ်အားကစားနည်းမှ မလော်လာဝင်းက မီတာ(၁၀၀)အပြေးပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့သည် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့အား အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် မိဘပြည်သူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဂုဏ်ပြုကြိုဆိုနှုတ်ဆက်ကြောင်း သိရသည်။

သတင်းစဉ်

ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈(ကီလိုမီတာ) အတွင်းယာဉ်များ မောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံး၀) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။

မန္တလေးတိုင်းဒေသကြီး
ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့ စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲစို့။

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၆

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟို အဆင့်) ပြိုင်ပွဲ ဆဋ္ဌမနေ့ကို ယနေ့နံနက် ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီး၌ စည်ကားသိုက်မြိုက် စွာ ဆက်လက်ကျင်းပသည်။

ယနေ့တွင် "ကာလပေါ်" တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၁)ရှိ မြခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်း တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည် နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "တောင်သူမျိုး" (ဒေါ်ကြည်အောင်) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ တွင် မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ ရှမ်းပြည်နယ်၊ ရန်ကုန် တိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဓမ္မစကြာ" (ဒေါ်ကြည်အောင်) သီချင်းဖြင့် လည်းကောင်း သီဆိုယှဉ်ပြိုင်ကြ သည်။

ရုပ်သေးကြိုးဆွဲ ပြိုင်ပွဲကို မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)ရှိ နီလာ ခန်းမ၌ကျင်းပရာ ဝါသနာရှင် အဆင့် (ဒုတိယတန်း) အမျိုးသား ပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရှမ်းပြည် နယ်၊ ကယားပြည်နယ်၊ ဧရာဝတီ တိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင် ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင် ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန် တိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ မင်းသားနှင့် မင်းသမီးကြိုးဆွဲ ရုပ်သေးရုပ်တို့ဖြင့် ကကြိုးကကွက် စုံလင်စွာ ယှဉ်ပြိုင်ကြသည်။

အကပြိုင်ပွဲကို နေပြည်တော် တည်ဒိုရေးစခန်း ဆင်ဖြူရှင်ခန်းမ ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ မကွေး တိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီး၊ ကရင်ပြည်နယ်၊ ကချင် ပြည်နယ်၊ တနင်္သာရီတိုင်းဒေသ ကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင် များကလည်းကောင်း၊ ဝါသနာရှင် အဆင့် (ဒုတိယတန်း) အမျိုးသမီး ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသ ကြီးတို့မှ ပြိုင်ပွဲဝင်များကလည်း ကောင်း စည်းချက်မှန်ကန်မှု၊ ကိုယ်ဟန်အမူအရာနှင့် အနုပညာ ခံစားချက်တို့ကိုပေါင်းစပ်တင်ဆက် ကာ မိမိတို့၏ အကပညာစွမ်းရည် ကို ပြသယှဉ်ပြိုင်ကြသည်။

ကွက်စိပ်ပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနရှိ လေ့ကျင့်ရေး ဓာတ်ရုံ၌ ကျင်းပရာ ဝါသနာရှင် အဆင့်(ပထမတန်း) အမျိုးသား ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသ ကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသ ကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင် များက "မြန်မာ့ဂုဏ်ရည်" ခေါင်းစဉ်ဖြင့် သီချင်းစာသားများ ကို သံစဉ်အမျိုးမျိုးဖြင့် လိုက်ဖက် ညီညွတ်စွာ ထည့်သွင်းသီဆိုကြ ပြီး အသံနေ အသံထား၊ သံစဉ် အတက်အကျနှင့် သီဆိုဟန်များ ကို ကျွမ်းကျင်ပိုင်နိုင်စွာ ပေါင်းစပ် ဖော်ကျူးယှဉ်ပြိုင်ကြသည်။

ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အတီး ပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဖင်းမင်းရာဇာ ခန်းမ၌ ကျင်းပရာ ဝါသနာရှင် အဆင့်(ပထမတန်း) အမျိုးသမီး ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသ ကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ကရင် ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက

စာမျက်နှာ ၆ သို့ ☆



ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းနှင့် ဦးမြင့်ကြိုင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းတို့ မယ်ဒလင်အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။



ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မရွှေစင်ကလျာ ထက်ထက်ကျော်နှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။



ပတ္တလားအတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ မောင်အဂ္ဂကျော်စော ယှဉ်ပြိုင် စဉ်။



ကွက်စိပ်ပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲ တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးကြင်ခိုင်နှင့်အဖွဲ့ ရဂ္ဂမဓုပြဓာတ် ဖြင့် ယှဉ်ပြိုင်စဉ်။



အရေးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား/ အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ဦးအေးမော်နှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။

☆ စာမျက်နှာ ၅ မှ

မြန်မာ့ရိုးရာဆိုင်ဝိုင်း၏ ထူးခြားလှသော သံစဉ်များ၊ စည်းချက်ဝါးချက် ညီညွတ်မှုတမှုနှင့် တီးခတ်မှု အနုပညာတို့ကို ကျွမ်းကျင်ပိုင်နိုင်စွာ ပေါင်းစပ်၍ ယှဉ်ပြိုင်တီးခတ်ပြသကြသည်။

ယှဉ်ပြိုင်

ပတ္တလားအတီး ပြိုင်ပွဲကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကိုးပါးပေါင်းစု"(ကြိုး)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ပန်းပေဝန်"(ယိုးဒယား) သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးမှုတ်ယှဉ်ပြိုင်ကြသည်။

မယ်ဒလင် အတီးပြိုင်ပွဲကို နေပြည်တော် တည်ဆဲရေးစခန်း ပုဗ္ဗသီရိတပ်နယ်ခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်း ဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အင်းမင်းခရ" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြရည်နန္ဒာ"(ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ညဉ့်သုံးယံခါ"(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကိုးပါးပေါင်းစု"(ကြိုး)သီချင်းဖြင့်လည်းကောင်း ပြိုင်ပွဲများ ပြီးဆုံးခဲ့ကြောင်း သိရသည်။

ကြည့်ရှုအားပေး

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်တော် အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် အဆင့်တူ ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဝန်ထမ်းမိသားစုများ၊ အနုပညာကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက လာရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ဆိုင်းဝိုင်းကြီးအဖွဲ့.လိုက် အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ဦးမျိုးဇော်ဦး(ခ) မျိုးဇော်ဝိုလ်နှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။



အကပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်တိုးပွားအောင် ယှဉ်ပြိုင်စဉ်။



ရုပ်သေးကြိုးဆွဲပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မောင်အောင်ပြည့်ချော ယှဉ်ပြိုင်စဉ်။



ကာလပေါ်တေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မသွယ်သွယ်အောင် ယှဉ်ပြိုင်စဉ်။

အပူဒဏ်အန္တရာယ် ကြုံတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ



စစ်ကိုင်း အောက်တိုဘာ ၂၆

အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်လာနိုင်ပြီး အပူလွန်ကဲခြင်း၊ ရေရှားပါးခြင်း၊ ကျန်းမာရေးပြဿနာများ ဖြစ်ပွားလာနိုင်သည့်အတွက် ပြည်သူများ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက်ပိုင်းက စစ်ကိုင်းမြို့၊ မြို့မဏ္ဍိုင်းနှင့်ကမ်းနားလမ်း၊ မင်းလမ်းရပ်ကွက်တို့တွင် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် စစ်ကိုင်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ ငါးလုပ်ငန်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များက ခရီးသွားပြည်သူများနှင့် စျေးသူ၊ စျေးသားများအား အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲမှုများဖြစ်ပေါ်လာပါက ဆောင်ရန်၊ ရှောင်ရန်များ၊ လိုက်နာရမည့် အချက်များကို အသိပညာပေးပြောကြားခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့ကမ်းနားလမ်းနှင့် မင်းလမ်းရပ်ကွက်ရှိ နေအိမ်များအတွင်း အပူချိန်မြင့်မားမှုကြောင့် ရေရှားပါးခြင်း၊ ကျန်းမာရေးပြဿနာများ ဖြစ်ပွားလာနိုင်သည့်အတွက် ပြည်သူများ ကြိုတင်ကာကွယ်နိုင်ရေး၊ တိရစ္ဆာန်များအတွက် ရေနှင့်အစာရေစာ ရှာပါးမှု မဖြစ်ပေါ်စေရေးတို့ကို အသိပညာပေး လိုက်လံဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

နေလင်းအောင်(ပြန်/ဆက်)

နိုင်ငံဝိုးပွားမြှင့်တင်ရေးရန်ပုံငွေမှ MSME ကဏ္ဍအတွက် ချေးငွေပေးအပ်ပွဲ ကျင်းပ



ပြင်ဦးလွင် အောက်တိုဘာ ၂၆

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၌ ပြင်ဦးလွင်ခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် MSME လုပ်ငန်းလေးခုဖြစ်သော 'Maymyo Purcell' သဘာဝနှပ်ကော်ဖီလုပ်ငန်း၊ 'May & Zay' ပဲလမုန့်လုပ်ငန်း၊ 'လင်းရောင်နီ' ပဲကြော်လုပ်ငန်းနှင့် 'မယ်ကျော့' စားသောက်ကုန်လုပ်ငန်းတို့အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေသိန်း ၃၆၀၀ ရရှိခဲ့ရာ ယမန်နေ့ မွန်းလွဲ ၂ နာရီက ချေးငွေပေးအပ်ပွဲကို ပြင်ဦးလွင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်စီမံကိန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူးက ချေးငွေသက်တမ်းနှင့် ပြန်လည်ပေးဆပ်ရမည့်အစီအစဉ်များကို ပြောကြားကာ ချေးငွေများအား ရရှိသည့် လုပ်ငန်းရှင်များထံ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲဘုံ)

သွေးသွေး(ခရိုင်/ပြန်ဆက်)

ပုဂံမြို့သစ် လောကနန္ဒာပရိယတ္တိစာသင်တိုက် နာယကဆရာတော်အား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ဖူးမြော်ကြည်ညို၊ ရွေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ကွင်းဆင်း





မန္တလေး အောက်တိုဘာ ၂၆

သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း၊ ပြည်ပမှ ခရီးသွားများ၊ ဘုရားဖူးများ အေးချမ်းပျော်ရွှင်စွာ သွားလာလည်ပတ်မှုများဖြင့် စည်ကားများပြားလျက်ရှိပြီး Hot Air Balloon ပျံသန်းစီးနင်း၍ နေထွက်ချိန် အလှအပများကို ဝေဟင်ထက်မှ ကြည့်ရှုခံစားကြသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက ရွေစည်းခဲ့ဘုရားအလိုတော်ပြည့်စာသင်တိုက်အနီး Hot Air Balloon လွှတ်တင်ရေးကွင်းသို့ ရောက်ရှိပြီး နေထွက်ချိန် ပုဂံ၏ ရှုခင်းအလှအပများကို Hot Air Balloon ဖြင့် ပျံသန်းလိုက်ပါစီးနင်းမည် ပြည်တွင်း၊ ပြည်ပခရီးသွား ဧည့်သည်များကို နွတ်ဆက်စကားများ ပြောကြားခဲ့သည်။

ဌင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုဂံမြို့သစ် လောကနန္ဒာပရိယတ္တိစာသင်တိုက်ရှိ လောကနန္ဒာပရိယတ္တိစာသင်တိုက် နာယကဆရာတော် နိုင်ငံတော်ဗဟိုသံဃာဝန်ဆောင်အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တမေဃိယအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုဌေများ ဆက်ကပ်လှူဒါန်းပြီး ဩဝါဒများ ခံယူခဲ့သည်။

ဆက်လက်၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပုဂံကမ္ဘာ့အမွေ အနှစ်ဒေသအတွင်း ချုံ့ချွယ်ပေါင်းမြက်များ ရှင်းလင်းခြင်း၊ ကန္တာရပင်များ ဖယ်ရှားခြင်းနှင့် ရှေးဟောင်းအဆောက်အအုံများ၏ ယဉ်ကျေးမှုမြင်ကွင်းအား အနှောင့်အယှက်ဖြစ်စေသည့်အပင်များအား ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုခဲ့သည်။

ဌင်းနောက် မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရွှေဆံတော်စေတီတော်၊ အလိုတော်ပြည့်ဘုရား၊ ထီးလိုမင်းလိုဂူဘုရားကြီး၊ ရွှေစည်းခဲ့စေတီတော်၊ လောကနန္ဒာစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညို၍ အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်းနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများအား ရင်းနှီးစွာ နွတ်ဆက်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

o-o-o-o-o

သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)ညပိုင်းတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ဆီမီးထွန်းညှိခြင်း၊ မီးပုံးပျံလွှတ်တင်ခြင်းနှင့် မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်းတို့ဖြင့် ပူဇော်ပွဲများ၊ ဒေသထွက်ကုန်ပစ္စည်းများနှင့် မြန်မာ့ရိုးရာမုန့်များ ရောင်းချခြင်းများ ကျင်းပ၊ တပျော်တပါး လည်ပတ်သူများဖြင့် စည်ကား

မန္တလေး အောက်တိုဘာ ၂၆

သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)ညပိုင်း၌ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေတွင် ဆီမီးထွန်းညှိခြင်း၊ မီးပုံးပျံလွှတ်တင်ခြင်းနှင့် မီးရှူးမီးပန်းများပစ်လွှတ်ခြင်းတို့ဖြင့် ပူဇော်ပွဲများ၊ ဒေသထွက်ကုန်ပစ္စည်းများနှင့် မြန်မာ့ရိုးရာမုန့်များ ရောင်းချခြင်းများ ကျင်းပခဲ့ရာ လည်ပတ်ကြသူများဖြင့် စည်ကားခဲ့သည်။

ထိုသို့ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့၊ တာဝန်ရှိသူများသည် ရွေစည်းခဲ့စေတီတော်တွင် ကျင်းပသည့် ပန်း ၅၀၀၀ ကပ်လှူပူဇော်ပွဲနှင့် ဆီမီး ၅၀၀၀ ထွန်းညှိ ပူဇော်ပွဲသို့ တက်ရောက်ပြီး ပြည်သူလူထုနှင့်အတူတက္ခ ဆီမီးများကို ထွန်းညှိပူဇော်ကြပြီးနောက် ရွေစည်းခဲ့စေတီတော်တောင်ဘက်မုခ်ရှိ သီတင်းကျွတ်ဈေးရောင်းပွဲတော်အား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ တာဝန်ရှိသူများသည် အလိုတော်ပြည့်ဘုရားတွင် ကျင်းပသော သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်သို့ တက်ရောက်ပြီး သီတင်းကျွတ်မီးထွန်းပွဲတော်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် ဒေသထွက်ကုန်ပစ္စည်းများနှင့် မြန်မာ့ရိုးရာမုန့်ဆိုင်များအား လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ဌင်းနောက် အလိုတော်ပြည့်ကွင်းတွင် ခရီးသွားပြည်သူများဟော်ရွှင်စွာဖြင့် မီးပုံးပျံအလုံးရေ ၁၀၀၀ လွှတ်တင်ပူဇော်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း၊ ဆီမီးထွန်းညှိပူဇော်ခြင်း၊ မီးပုံးပျံများလွှတ်တင်ပူဇော်ခြင်း၊ မီးရှူးမီးပန်းများပစ်လွှတ်၍ ပူဇော်ခြင်း၊ သီတင်းကျွတ်ဈေးရောင်းပွဲတော်၊ ဖျော်ဖြေရေးပွဲများဖြင့် စည်ကားခဲ့ကြောင်းနှင့် အလိုတော်ပြည့်ကွင်းတွင် အောက်တိုဘာ ၂၅ ရက်မှ ၂၇ ရက်အထိ စုစုပေါင်း မီးပုံးပျံအလုံး ၃၀၀၀ လွှတ်တင်ပူဇော်ခဲ့ကြောင်း သိရသည်။



(မန္တလေးနေ့စဉ်)

ရွှေဘိုရွာသစ်ကျေးရွာ၌ (RBF) စီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပွင့်ဖြူ အောက်တိုဘာ ၂၆

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဥယျာဉ်ကျစ်ကျေးရွာအုပ်စု၊ ရွှေဘိုရွာသစ်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်က ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း RBF စီမံကိန်းရန်ပုံငွေထုတ်ချေးပေးခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေ ပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်က စီမံကိန်းရန်ပုံငွေများကို ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရွှေဘိုရွာသစ်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း RBF ရန်ပုံငွေဖြင့် နွားမွေးမြူရေးလုပ်ငန်း များဆောင်ရွက်လုပ်ကိုင်သည့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းရှင်အဖွဲ့ လေးဖွဲ့အတွက် စီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ အား တာဝန်ရှိသူများထံ ထုတ်ချေးပေးခဲ့ကြောင်း ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

(၄၄၅)

o-o-o-o-o

o-o-o

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် ဇီဝိတဒါန ငါးလွှတ်ပွဲ၊ ငှက်လွှတ်ပွဲနှင့် ဝါတွင်းကာလ သံဃာ့ဒါန ဆွမ်းလောင်းလှူပွဲများ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၆

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ဇီဝိတဒါန ငါးလွှတ်ပွဲ၊ ငှက်လွှတ်ပွဲကို မန္တလေးမြို့ နန်းမြို့တောင်ဘက် မင်္ဂလာတံတားအနီး၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြပြီး သတ်မှတ်နေရာအသီးသီးတို့၌ နေရာယူကြကာ ငါးအကောင်ရေ ၂၁၈ ကောင်နှင့် ငှက်အကောင်ရေ ၂၁၀ တို့အား ဇီဝိတဒါနကုသိုလ်အဖြစ် လွှတ်ပေး ခဲ့ကြသည်။



ထို့နောက် ညနေဝိုင်းတွင် နန်းမြို့အတွင်းရှိ ဆုတောင်းပြည့် ဘုရား၌ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူ ဆီမီး ၅၀၀၀ ပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး မြတ်စွာဘုရားအား ရည်မှန်း၍ လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။

ဆီမီးထွန်းညှိပူဇော်ကာ တပ်ရင်း၊ တပ်ဖွဲ့များအလိုက် ဆီမီးပူဇော်ထားမှုနှင့် အိုးစည်၊ ဒိုးပတ်အဖွဲ့များ တီးမှုတ်ဖျော်ဖြေမှုတို့ကို ပတ်လည်ရှိ စတုဒိသာမဏ္ဍပ်များ၊ ဆီမီးအလှနှင့် ရောင်စုံလျှပ်စစ်မီးများ ထွန်းညှိထားရှိမှုနှင့် ဧည့်ခံဖျော်ဖြေမှုများကို ကြည့်ရှု အားပေးခဲ့ကြသည်။

တက်ရောက်

ထို့ပြင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဝါတွင်းကာလ သံဃာ့ဒါန ဆွမ်းလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးနန်းမြို့အရှေ့ဘက် နန်းမြို့ရိုးနှင့် ကျူးရေပြင်ကြားရှိ ရတနာပုံဥယျာဉ်၌ ကျင်းပရာ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သံဃနယကအဖွဲ့ဥက္ကဋ္ဌ ဒက္ခိဏာရာဓ ဘုရားကြီးတိုက် ပွဲစားကြီးကျောင်း ဆရာတော် မဟာဂန္ဓဝါစက ပဏ္ဍိတ ဘဒ္ဒန္တ အာစိဏ္ဏ အမှူးပြုသော သံဃာတော်အပေါင်း ၃၀၀ ကြွရောက်တော်မူကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တပ်ရင်း/တပ်ဖွဲ့ အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများက သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုဒွေများကို လောင်းလှူ ပူဇော်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

မန္တလေးမြို့တွင် မြန်မာ့ရိုးရာသီတင်းကျွတ်မီးထွန်းပွဲတော် ဖွင့်ပွဲကျင်းပ၊ အနယ်နယ်အရပ်ရပ်တို့မှ ပွဲတော်လာပြည်သူများဖြင့် စည်ကား

မန္တလေး အောက်တိုဘာ ၂၆

ယနေ့သည် မြန်မာဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ်ဖြစ်သော သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)ဖြစ်သည်နှင့်အညီ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တန်ခိုးကြီးဘုရားများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် မြို့နယ်ရပ်ကွက်များအတွင်းရှိ ဓမ္မာရုံများ၊ အထင်ကရ နေရာများတွင် ယနေ့နံနက်ပိုင်းမှစ၍ ကောင်းမှုကုသိုလ်ပြုကြသူများ၊ အနယ်နယ်အရပ်ရပ်တို့မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့ညပိုင်းတွင် မန္တလေးမြို့၌ မြန်မာ့ရိုးရာသီတင်းကျွတ်မီးထွန်းပွဲတော်ကြိုးကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ** သာယာလှပသီတင်းကျွတ်ည၊ မော်ရွှေဆင်ခွဲဆီမီးထွန်းပွဲ** အခမ်းအနားကို ချမ်းအေးသာစံမြို့နယ်၊ ၂၆ လမ်းတစ်လျှောက် ၆၆ လမ်းမှ ၇၃ လမ်းအထိ ဆီမီးထွန်းပွဲတော်ကိုကျင်းပရာ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ ဌာနမှူးများ၊ ဝန်ထမ်း များ၊ တိုင်းဒေသကြီး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ပွဲတော်လာပြည်သူများ တက်ရောက်ကြပြီး မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်ကြသည့် စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးသိန်းဌေး၊ လှူပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်မိုးသက်၊ စည်ပင်သာယာရေးဝန်ကြီး ဦးခင်မောင်အေးတို့က ၂၆ လမ်း၊ ၆၆ လမ်းထောင့်ရှိ အဝင်မုခ်ဦးရှေ့တွင် မြန်မာ့ရိုးရာသီတင်းကျွတ် ဆီမီးထွန်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြပြီးနောက် ဧည့်ပရိသတ်များနှင့်အတူ ကုသိုလ်တော်ဘုရားပုံတူရှေ့တွင် ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်ခဲ့ကြသည်။



ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် သီတင်းကျွတ်မီးထွန်းပွဲတော်တွင် အလှပြဘုရားကားယာဉ်များလှည့်လည်မှုအား ပူဇော်ခြင်း၊ သီတင်းကျွတ်လှျပ်စစ်မီးအလှတပ်ဆင်ထားရှိမှုများ၊ မီးပုံးပျံငယ်များလွှတ်တင်ခြင်း၊ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးနေမှုများ၊ အရောင်းဆိုင်များအား လှည့်လည်ကြည့်ရှုကာ ပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြပြီး သီတင်းကျွတ်မီးထွန်းပွဲတော်သို့ အနယ်နယ်အရပ်ရပ်တို့မှ ပွဲတော်လာပြည်သူများအား မန္တလေးမြို့တော်စည်ပင်သာယာ ရေးကော်မတီရုံးရှေ့စတိတ်စင်မြင့်တွင် နိုင်ငံကျော်အနုပညာရှင်များက မြန်မာမှုနှင့် ခေတ်ပေါ်တေးသီချင်း များဖြင့် သီဆိုဖျော်ဖြေနေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

မြန်မာဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ဖြစ်သည့် သီတင်းကျွတ်လပြည့်နေ့တွင် မြတ်စွာဘုရားအားရည်စူး၍ ဆီမီးများ၊ လျှပ်စစ်မီးရောင်စုံများထွန်းညှိပူဇော်ခြင်း၊ ပန်းရေချမ်းဆွမ်းခဲဖွယ်များ ပူဇော်ခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်းတို့ဖြင့် ကုသိုလ်ကောင်းမှုပြုကြသူများ၊ ရုံးများ၊ လူနေအဆောက်အအုံများ၊ လမ်းများတွင် ရောင်စုံလှျပ်စစ်မီးများ ထွန်းညှိပူဇော်ခြင်းနှင့် လည်ပတ်ကြသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP) စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်

ဧမ္မာသီရိ အောက်တိုဘာ ၂၆

နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ပြည် ထောင် စု နယ် မြေ၊ ဧမ္မာသီရိမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ်တွင် ရွာတောကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း VDP စီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်းကို အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက အဆိုပါ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ ဧမ္မာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေဇင်လွင်းက စီမံကိန်းလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ် စီမံကိန်းတာဝန်ခံ ဦးအောင်မျိုးဦးက VDP စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ရွာတောကျေးရွာမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၁၅ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

(ဝဲပုံ)

ဧမ္မာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ်တွင် တဲကြီးကုန်းကျေးရွာအုပ်စု၊ ရွာတောကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း VDP စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် အမှန်တကယ်လိုအပ်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအား ဌာနမှကြီးကြပ်ကာ ကျေးရွာပြည်သူများကိုယ်တိုင်တာဝန်ယူ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

o–o–o–o–o

o–o–o



ဝေရောစနကျောက်စိမ်းဓေတီတော်(မန္တလေး)၌ ဆီမီး၉၀၀၀ထွန်းညှိပူဇော်ပွဲ ကျင်းပ

အမရပူရ အောက်တိုဘာ ၂၆

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မန္တလေးမြို့ရှိ အထင်ကရနေရာများ၌ သီတင်းကျွတ်လပြည့်နေ့ ယနေ့ ညနေ၆နာရီမှစတင်၍ ဆီမီးထွန်းပွဲတော်များကို ကျင်းပလျက်ရှိပြီး ဝေရောစနကျောက်စိမ်းစေတီတော် (မန္တလေး)၌ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲ၊ (အဋ္ဌမ) အကြိမ်မြောက် ပဋ္ဌာန်းပစ္စယုဒ္ဒေသနှင့် ပစ္စယနိဒ္ဒေသအာဂုံဆောင်ရွက်ဖတ်ပူဇော်ပြုင်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပြီး ဆီမီးများထွန်းညှိပူဇော်ကြသည်။

ဆက်လက်၍ လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက (အဋ္ဌမ)အကြိမ်မြောက် ပဋ္ဌာန်းပစ္စယုဒ္ဒေသနှင့် ပစ္စယနိဒ္ဒေသ အာဂုံရွတ်ဖတ်ပူဇော်ပြုင်ပွဲတွင် ဆုရရှိသည့် ဝတ်ရွတ်အသင်းများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

အမရပူရ(ပြန်/ဆက်)

သီတင်းကျွတ်လပြည့်နေ့ မန္တလေးမြို့ရှိ ဘုရားဓေတီများနှင့် အပန်းဖြေနေရာများ၌ အထူးစည်ကား

မန္တလေး အောက်တိုဘာ ၂၆

သီတင်းကျွတ်လပြည့်နေ့တွင် မန္တလေးမြို့ရှိ မဟာမုနိဘုရားကြီး၊ ကုသိုလ်တော်ဘုရား၊ စန္ဒာမုနိဘုရား၊ ကျောက်တော်ကြီးဘုရားနှင့် မန္တလေးတောင်တော်တို့၌ ဆီမီးထွန်းညှိပူဇော်သူများ၊ ဘုရားဖူးလာသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ရုံးပိတ်ရက်ဖြစ်သည့်အတွက် ရတနာပုံဥယျာဉ်တွင် မိသားစုအလိုက် အပန်းဖြေသူများဖြင့် စည်ကားခဲ့ပြီး ကျုံးဘေးတွင်လည်း ဆီမီးထွန်းပွဲတော်ကို လာရောက်ဆင်နွှဲသူများဖြင့် စည်ကားခဲ့သည်။

အောင်တော်မူ ဆုတောင်းပြည့်ဘုရားတွင် ဘုရားဖူးလာသူများအား စတုဒိသာအဖြစ် အအေးနှင့် ကြာဆံပင်းများ လူဒါန်းခဲ့ကြပြီး ရပ်ကွက်အသီးသီးရှိ ဓမ္မာရုံများနှင့် လမ်းဆုံလမ်းခွများတွင်လည်း ညနေပိုင်း၌ စတုဒိသာကျွေးမွေးလှူဒါန်းမှုများ ပြုလုပ်ခဲ့ကြသည်။

ထို့ပြင် အမရပူရမြို့နယ်ရှိ တောင်သမန်အင်း၊ ဦးပိန်တံတားနှင့် မယ်ဇယ်တန်းတို့တွင်လည်း ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာသူများနှင့် အပန်းဖြေလာရောက်သူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

o-o-o-o-o



ချည်မျှင်ရှည်ဝါစိုက်ပျိုးသောတောင်သူများအား ထုတ်ချေးငွေပေးအပ်

ငဖဲ အောက်တိုဘာ ၂၆

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ် လုပ်ငန်းကြီးကြပ်မှုအဖွဲ့၏ နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ၂၀၂၆-၂၀၂၇ ခုနှစ် ချည်မျှင်ရှည်ဝါစိုက်ပျိုးသောတောင်သူများအား တစ်ဧကလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် တိုက်ရိုက်ထုတ်ချေးပေးခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ငဖဲမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်းက ဝါစိုက်တောင်သူများ ဝါ သီးနှံပန်းတိုင်အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ငဖဲမြို့နယ်အတွင်း ဝါသီးနှံအရည်အသွေးမီ ထုတ်လုပ်နိုင်ရေးအတွက် ကျေးရွာအုပ်စုနှစ်အုပ်စုမှ ဝါစိုက်ပျိုးဧက ၉၆ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် ထုတ်ချေးငွေကျပ် ၂၈၈ သိန်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ရာ ဝါစိုက်တောင်သူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

မယု(ငဖဲ)

o-o-o-o-o

ပူတာအိုမြို့နယ် မုဒုံ(၂)ကျေးရွာ၌ (VDP) စီမံကိန်း ဆောင်ရွက်သည့်လုပ်ငန်းလွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

ပူတာအို အောက်တိုဘာ ၂၆

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ပူတာအိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး (VDP) စီမံကိန်း မုဒုံ(၂) ကျေးရွာသို့ လုပ်ငန်းလွှဲပြောင်းပေးအပ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပူတာအိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း(VDP) စီမံကိန်းနှင့်ပတ်သက်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ကော်မတီဝင်တစ်ဦးက သဘောကျခဲ့ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ မုဒုံ(၂)ကျေးရွာ လမ်းအရှည် ပေ ၁၂၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း သဘောကျခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း (VDP) စီမံကိန်း ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် တစ်သန်းဖြင့် စက်တင်ဘာလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းများ ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးခဲ့ပြီး အဆိုပါ လုပ်ငန်းများကို မုဒုံ(၂)ကျေးရွာကော်မတီဝင်များထံသို့ လုပ်ငန်းလွှဲပြောင်းပေးအပ်ခဲ့ကြောင်း ပူတာအိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံက သိရသည်။

အောင်ရဲကျော်

--*-*-*

--*

မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများ ကွင်းဆင်းစစ်ဆေး

မိုးညှင်း အောက်တိုဘာ ၂၆

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ဟဲလုံခေတ်မီစံပြကျေးရွာ၌ မြစိမ်းရောင် ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယမန်နေ့နံနက် ၁၀ နာရီ ပြည်နယ် အဆင့်တာဝန်ရှိသူများက လိုက်လံကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးကြရာတွင် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စန်းဦးနှင့် ဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများ၊ ကျေးရွာစီမံကိန်း ကော်မတီအဖွဲ့ဝင်များနှင့်အတူ ကျေးရွာနေပြည်သူများမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ငွေစာရင်းပုံစံစာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြပြီး ပြည်နယ်အဆင့် တာဝန်ရှိသူက အဆိုပါလုပ်ငန်းများ စီမံကိန်း လက်ခွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ စီမံကိန်းရန်ပုံငွေများ အလွဲသုံးစားမှုမရှိစေရေးအတွက် ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများက အထူးအလေးထားကြပ်မတ်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ဟဲလုံခေတ်မီစံပြကျေးရွာ၌ ယခုဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေအား (၁၀)ကြိမ်မြောက်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၅ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၆၅၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

ရွှေမိုးညှင်း

o-o-o-o-o



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ၅ ထပ်အဆောက်အအုံ တစ်လုံးအား ဖြိုချဖျက်ဆီး၊ ကျန်ရှိသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၆

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံ ၁ လုံးအား ယနေ့တွင် ၁၀၀ ရာခိုင်နှုန်း ပြီးစီး ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ်အဆောက်အအုံ တစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ လည်း ယနေ့အထိ ၇၀ ရာခိုင်နှုန်း ပြီးစီး ပြီဖြစ်ကြောင်း သိရှိရသည်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများ စနစ်တကျဖြိုချဖျက်ဆီးမှုနေ့ရာပြပုံ။

ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ၂၅ လုံး၊ ယနေ့အထိ ၇၀ ရာခိုင်နှုန်း ပြီးစီး ပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုများ ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး ဟူ၍ အဆောက်အအုံအမျိုးအစား အလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၃ လုံးတို့အား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၅၆ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။ ၁၀၀

















အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၂၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်သွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Thar Zaw” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဝမ်းဘော်ဒတ်ကျေးရွာနေ ဇော်သီဟ(ခ) သားဇော်အား ည ၁၀ နာရီ ၁၅ မိနစ်တွင် အင်းတကော်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

နိုင်ငံတကာ အားကစား သတင်းများ



2026 Kinoshita Group Japan Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Katerina Siniakova ဆွတ်ခူး

တိုကျို အောက်တိုဘာ ၂၆

ဂျပန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Kinoshita Group Japan Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ချက်တင်းနစ်မယ် Katerina Siniakova က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ချက်တင်းနစ်မယ် Katerina Siniakova သည် 2026 Kinoshita Group Japan Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲ အဆင့်တွင် အမေရိကန်တင်းနစ်မယ် Ashlyn Krueger အား ၆-၁၊ ၆-၀ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၃၀)နှစ်အရွယ်ရှိ Katerina Siniakova က 'ကျွန်မ အခုလို 2026 Kinoshita Group Japan Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်မ နိုင်ငံအတွက်လည်း အကောင်းဆုံးဂုဏ်ဆောင်နိုင်ခဲ့ပါတယ်'ဟု ပြောသည်။

(အောက်ပုံ) (NGB)



နည်းပြ ကာရစ် လာမည့်ရက်ပိုင်းအတွင်း မန်ယူအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိ

လန်ဒန် အောက်တိုဘာ ၂၆

မန်ယူအသင်းသည် အသင်းနည်းပြ ကာရစ်ကို လာမည့် ရက်ပိုင်းအတွင်း နည်းပြရာထူးမှ ထုတ်ပယ်သွားမည်ဖြစ်ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

မန်ယူအသင်းသည် ယခုနှစ် ဘောလုံးရာသီ ပရီးမီးယားလိဂ် ပွဲစဉ် ရှစ်ပွဲကစားအပြီးတွင် ရမှတ် ခုနစ်မှတ်ဖြင့် အဆင့်(၁၆)နေရာတွင် ရပ်တည်နေပြီး ရလဒ်များ အလွန် ဆိုးရွားနေခြင်းကြောင့် နည်းပြ ကာရစ်ကို ရာထူးမှ ထုတ်ပယ်သွားမည်ဖြစ်သည်။

ထို့အပြင် မန်ယူအသင်းသည် နောက်ဆုံးကစားခဲ့သည့် ပြိုင်ပွဲစုံ ရှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးသည့် မှတ်တမ်းဆိုးတစ်ရပ်ကိုလည်း ပိုင်ဆိုင်ခဲ့သည်။

ထို့ကြောင့် ကာရစ်အနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း မန်ယူအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရမည်လား ဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ဝဲပုံ) (NGB)



0-0-0-0-0-0-0

၂၀၁၆ခုနှစ်နောက်ပိုင်း ပန်စိုးတီးအသင်းကို ပရီးမီးယားလိဂ် သုံးပွဲဆက် နိုင်ပွဲရရှိသည့်အသင်းအဖြစ် အက်စတွန်ပီလာ မှတ်တမ်းဝင်

လန်ဒန် အောက်တိုဘာ ၂၆

အက်စတွန်ဗီလာအသင်းသည် ၂၀၁၆ခုနှစ်နောက်ပိုင်း မန်စိုးတီးအသင်းကို ပရီးမီးယားလိဂ် နောက်ဆုံး သုံးပွဲဆက် အနိုင်ရရှိသည့် အသင်းအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် အက်စတွန်ဗီလာအသင်းသည် မန်စီးတီးအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အက်စတွန်ဗီလာအသင်းသည် နည်းပြ အူနိုင်းအမ်မရီက 'အခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်လာမယ့်ပွဲစဉ်တိုင်းကိုလည်း နိုင်ပွဲရရှိအောင် ဆက်လက်ကြိုးစားသွားမှာပါ'ဟု ပြောသည်။

အက်စတွန်ဗီလာအသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ် ရှစ်ပွဲကစားအပြီးတွင် ရမှတ် ၁၁ မှတ်ဖြင့် အဆင့် (၉)နေရာတွင် ရပ်တည်ခဲ့သည်။

(အပေါ်ဝဲပုံ) (NGB)


ဂါဘရီယယ် ကစားသမားဘဝ ပရီးမီးယားလိဂ်ပွဲ ၂၀၀ ပြည့်မြောက်

လန်ဒန် အောက်တိုဘာ ၂၆

အာဆင်နယ်အသင်း နောက်ခံကစားသမား ဂါဘရီယယ်သည် ကစားသမားဘဝ ပရီးမီးယားလိဂ်ပွဲ ၂၀၀ ပြည့်မြောက်သည့် မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် အာဆင်နယ်အသင်းက အဲဗာတန်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ပါဝင်ကစားပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား ဂါဘရီယယ်သည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပရီးမီးယားလိဂ်ပွဲစဉ် ပွဲ ၂၀၀ ကစားပြီး ၂၁ ဂိုးအထိ သွင်းယူနိုင်ခဲ့သည်။



အသက်(၂၈)နှစ်အရွယ်ရှိ ဂါဘရီယယ်က 'ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေအပြင် အသင်းနဲ့အတူ ဆုဖလားတွေလည်း ရယူသွားမှာပါ'ဟု ပြောသည်။

(အပေါ်ပုံ) (NGB)

အေစီမီလန်အသင်းက အူဒီးနိစ်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

မီလန် အောက်တိုဘာ ၂၆

စီးရီးအေပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက အေစီမီလန်အသင်းနှင့် အူဒီးနိစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အေစီမီလန်အသင်းက အူဒီးနိစ်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အေစီမီလန်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၆ မိနစ်တွင် ပူလီဆစ်၊ ပွဲချိန် ၆၅ မိနစ်တွင် ဟတ်ချင်ဆန်တို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

အေစီမီလန်အသင်းသည် စီးရီးအေပွဲစဉ်အဖြစ် လာမည့် အောက်တိုဘာ ၂၉ရက်တွင် ဘိုလော့ဂ်နာအသင်းနှင့် ဆက်လက် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)



ဘာစီလိုနာအသင်းတွင်သာ ပျော်ရွှင်လျက်ရှိကြောင်း အိုလ်မို ပြောကြား

ဘာစီလိုနာ အောက်တိုဘာ ၂၆

ဘာစီလိုနာအသင်း တောင်ပံကစားသမား အိုလ်မိုက မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ် ကြောင်း၊ အသင်းတွင်သာ ပျော်ရွှင်လျက်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသော်လည်း ၎င်းက ဘာစီလိုနာအသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

တောင်ပံကစားသမား အိုလ်မိုသည် ဘာစီလိုနာအသင်းနှင့် အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၁၀၀ ကစားပြီး ၂၁ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။



အသက်(၂၈)နှစ်အရွယ်ရှိ အိုလ်မိုက 'ကျွန်တော် အသင်းမှာ ပျော်ရွှင်လျက်ရှိပါတယ်။ ဒီအသင်းနဲ့အတူ ဆုဖလားများစွာကို လည်း ရယူသွားမှာပါ။ ကစား သမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်'ဟု ပြောသည်။

(အပေါ်ပုံ) (NGB)

နည်းပြ ဟေးယန်ကို နည်းပြရာထူးမှ ဘန်လေအသင်း ထုတ်ပယ်

လန်ဒန် အောက်တိုဘာ ၂၆

ဘန်လေအသင်းသည် အသင်းရလဒ်ဆိုးများကြောင့် နည်းပြ ဟေးယန်ကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ပြီဖြစ်သည်။

ဘန်လေအသင်းသည် ယခုနှစ်ဘောလုံးရာသီ အင်္ဂလိပ်ချန်ပီယံရှစ်ပွဲစဉ် ၁၂ပွဲယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ရှစ်မှတ်သာရရှိပြီး အမှတ်ပေးဇယား အဆင့် (၂၂)နေရာတွင် ရပ်တည်ကာ ရလဒ်များ ဆိုးရွားနေခြင်းကြောင့် နည်းပြ ဟေးယန်ကို ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ဟေးယန်သည် ဘန်လေအသင်းကို ၂၀၂၆ခုနှစ်၊ ဇူလိုင် ၁၀ ရက်မှ စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၁၄ ပွဲတွင် တစ်ပွဲမိုင်၊ ခုနစ်ပွဲသရေ၊ ခြောက်ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ဘန်လေအသင်း၏ ထုတ်ပြန်ချက်တွင် 'နည်းပြ ဟေးယန်ကို ရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦးကို အမြန်ဆုံးရှာဖွေခန့်အပ်သွားမှာပါ'ဟု ထုတ်ပြန်သည်။

(အောက်ပုံ) (NGB)



လိဂ်ပလား စတုတ္ထအဆင့် ဘောလုံးပြိုင်ပွဲ နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်
၂၈-၁၀-၂၀၂၆ နံနက်၀း၁၅နာရီ	ဘရက်ဒိုဒ် - ပီတာဘရော်ဝ်
၂၈-၁၀-၂၀၂၆ နံနက်၀း၃၀နာရီ	ဖရီးဟုဒ် - အာဆင်နယ်

အီတလီဒီးရီးဇေး ဘောလုံးပြိုင်ပွဲ(ပွဲစဉ် ၉) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၂၈-၁၀-၂၀၂၆ နံနက်၀း၀၀နာရီ	ဆက်ဆူအိုလို - လာဇီယို	ဆက်ဆူအိုလို ၁-၀ လာဇီယို လာဇီယို ၂-၁ ဆက်ဆူအိုလို
၂၈-၁၀-၂၀၂၆ နံနက်၀း၁၅နာရီ	ဂျီးမား - ကက်ဂလီယာရီ	ဂျီးမား ၂-၀ ကက်ဂလီယာရီ ကက်ဂလီယာရီ ၁-၀ ဂျီးမား
၊	တိုရိန်နို - ကိုမို	တိုရိန်နို ၁-၅ ကိုမို ကိုမို ၆-၀ တိုရိန်နို

အယ်လ်နီညိုဖြစ်စဉ်ကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ရေစုကန်များ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး



မင်းဘူး အောက်တိုဘာ ၂၆

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စက္ပ)မြို့နယ်၌ ဒေသတွင်း စားရေရိက္ခာဖူလုံရေး၊ စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးနှင့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ရေစုကန်များ ဆောင်ရွက်ထားရှိမှုများကို ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ရှေးဦးစွာ မင်းဘူးခရိုင် စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်နှင့် အဖွဲ့ဝင်များက ဒေသတွင်း စားရေရိက္ခာဖူလုံရေး၊ စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးအတွက် မန်းကျိုးကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၂၅၅-က)ရှိ တောင်သူ ဒေါ်မြစန်း၏ (TBL-9) မတ်ပဲစိုက်ခင်း၊ တောင်သူ ဦးထွန်းထွန်း၏ (TBL-9) မတ်ပဲစိုက်ခင်းနှင့် (ဆင်းရွှေကြာ-၂) နေကြာသီးနှံသီးညှပ်စိုက်ပျိုးထားရှိမှုနှင့် သီးနှံများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများ၊ အယ်လ်နီညိုဖြစ်စဉ်ကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးနှင့် သီးနှံစိုက်ခင်းများအတွင်း စိုက်ပျိုးရေများ စနစ်တကျ ရယူသုံးစွဲရေးအတွက် ကျောက်စံဆိုလာ လျှပ်စစ်ရေတင်စီမံကိန်း၊ ဇရိယာရှိ ကန်နက်ကြီးရေစုကန်နှင့် ဘုရားငါးဆူရေစုကန်အတွင်း ရေများသိုလှောင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ ဌာနများနှင့် ဒေသခံများ၏ စိုက်ပျိုးရေးလုပ်ငန်းများ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးကာ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုဒဏ်ခံနိုင်သည့် သီးနှံများ ပြောင်းလဲစိုက်ပျိုးရေး အသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဒေသခံပြည်သူများ သွားလာရေးလွယ်ကူချောမွေ့ အဆင်ပြေစေရန် ကျေးလက်လမ်းဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သော ခြင်ထောင်-ကျောက်စံလမ်း ကျေးရွာချင်းဆက်လမ်းအား လမ်းအရှည် ၀/၃ ဒသမ ၈၅ မိုင်၊ အကျယ် ၁၄ ပေ၊ ထု ခုနစ်လက်မ ကွန်ကရစ်လမ်းခင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် လမ်းလုပ်ငန်းအရည်အသွေး ကောင်မွန်းရေးနှင့် သတ်မှတ်ကာလအတွင်း အရှိန်မိုးပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

မောင်မောင်(မင်းဘူး)



စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

ပြင်ဦးလွင် အောက်တိုဘာ ၂၆

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူး၏ ဦးဆောင်မှုဖြင့် ခရိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၏ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို အောက်တိုဘာ ၂၄ ရက် နံနက် ၇ နာရီက ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)ရှိ သီရိဓမ္မာသောကမင်းကြီး တည်ထားခဲ့သော သမိုင်းဝင်ဆုတောင်းပြည့် မဟာရွှေမြင်တင်စေတီတော်မြတ်ကြီးတွင် ဆောင်ရွက်ခဲ့ရာ ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူး၊ ဒုခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်၊ ပြင်ဦးလွင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ခေါင်၊ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဝင်းနှင့် ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၂၂၀ ဦး ဖြင့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

သွေးသွေး(ခရိုင်-ပြန်/ဆက်)

သန့်ရှင်းသာယာ မန္တလာ ဝိုင်းဝန်း ထိန်းသိမ်းပါ။

ပဲတီစိမ်းကို GAP စနစ်ဖြင့် စိုက်ပျိုးရန် စီစဉ်

ပဲတီစိမ်းတွင် ပိုးသတ်ဆေးဓာတ်ကြွင်းပြဿနာများကာကွယ်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီးရှိ ခရမ်း၊ သုံးခွ၊ သန်လျင်နှင့် ကျောက်တန်းမြို့နယ်တို့၌ GAP စနစ်ဖြင့် စိုက်ပျိုးရန် စီစဉ်နေသည်။

အဆိုပါ ဒေသများမှ ထွက်ရှိသည့် ခရမ်းရွေ၀ါ ပဲတီစိမ်းမျိုးကို ဥရောပနိုင်ငံများသို့ တင်ပို့နေသကဲ့သို့ တရုတ်၀ယ်လက်များကလည်း နှစ်သက်၀ယ်ယူကြသည်။

သို့သော် ယခင်နှစ်က အပါအဝင် စိုက်ပျိုးရေးသုံးဆေး၀ါးများကို လိုအပ်သည့် ပမာဏအတိုင်း စနစ်တကျ အသုံးပြုရန် လိုအပ်သည်။

လက်ရှိတွင် တရုတ်နိုင်ငံ၏ ၀ယ်ယူမှုအားနေသဖြင့် ပြည်တွင်း ပဲတီစိမ်းအများစုအား အားလုံး ဈေးနှုန်းကျဆင်းသည့်ဘက်သို့ ဦးတည်နေပြီး မြန်မာ့ပဲတီစိမ်း ပြည်ပတင်ပို့မှု၏ ၆၀ ရာခိုင်နှုန်းခန့်ကို တရုတ်နိုင်ငံသို့ တင်ပို့နေရသည်။

ပဲတီစိမ်းကို ရန်ကုန်တိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ အပါအဝင် ဒေသအသီးသီးတွင် စိုက်ပျိုးကြပြီး ဈေးကွက်အတွင်း ခရမ်းရွေ၀ါ၊ ပဲခူးရွေ၀ါ၊ အညာနှင့် ၀ါးခယ်မ ပဲတီစိမ်းမျိုးများ အရောင်းအ၀ယ်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

ရွှေမန်း



ချက်ကြမယ်၊ စားကြမယ် ကဏ္ဍ



ကြက်သားတုန်ယမ်းချဉ်စပ်ဟင်းရည်

ကြက်သားတုန်ယမ်းချဉ်စပ်ချက်မယ်ဆိုရင် ကြက်သား၊ စပါးလင်၊ ကြက်သွန်နီ၊ ပဒဲကော၊ ခရမ်းချဉ်သီး၊ မှို၊ ရှောက်ရွက်၊ ဘောဒီကွန်နဲ့ ငရုတ်ဆီတို့ လိုအပ်ပါတယ်။

စပါးလင် နှစ်ချောင်းကို အနေတော်လှီးပါ။ ကြက်သွန်နီ သုံးဥကို တစ်လုံးကို လေးပိုင်းစီပိုင်းပါ။ ပြီးရင် ပဒဲကော၊ သံပရာသီးနဲ့ ခရမ်းချဉ်သီးတို့ကိုလည်း အနေတော်လှီးပါ။ မှိုနဲ့ ရှောက်ရွက်တွေကို လှီးပါ။ အားလုံးပြီးရင် ရေဆေးပြီး ပန်းကန်တစ်ခုထဲမှာ အစီအရီထည့်ထားပါ။

ဦးစွာ ရေနွေးအိုးကို ဆူပွက်နေအောင်တည်ပါ။ စပါးလင်၊ ငရုတ်သီးစိမ်း၊ ပဒဲကော၊ ဘောဒီကွန်၊ ကြက်သွန်နီနဲ့ မှိုတွေအားလုံးကို ထည့်ပြီး အဖုံးအုပ်ထားပါ။ ပွက်ပွက်ဆူလာရင် ငရုတ်ဆီအနှစ်၊ ကြက်သားမှုန့်အနည်းငယ်၊ သကြား၊ ငံပြာရည်၊ ဆားအနည်းငယ်ထည့်ပြီး အဖုံးခဏအုပ်ထားပါ။ ထို့နောက် ကြက်သားထည့်ပြီး နူးအိသွားတဲ့အထိ ဆက်တည်ထားပါ။ ပြီးရင် ခရမ်းချဉ်သီး၊ ရှောက်ရွက်တွေကိုထည့်ပြီး အဖုံးပြန်အုပ်ထားပါ။ ခဏကြာရင် သံပရာသီး ညှစ်ထည့်ပါ။ အားလုံးပြီးသွားရင်တော့ ဆိုင်တွေမှာရောင်းတဲ့အတိုင်း အရသာရှိတဲ့ ကြက်သားတုန်ယမ်းချဉ်စပ်ဟင်းရည်ကို စားသုံးလို့ရပါပြီ။

AMM

--*-*-*-*-*-*-*



ကြက်သားကာလသားချက်

ကြက်သား ၅၀ ကျပ်သားကို အတုံးတွေတုံးပြီး ရေစင်အောင်ဆေးကာ ပန်းကန်ထဲထည့်ပါ။ ကြက်သွန်ဖြူ ခြောက်တက်၊ ကြက်သွန်နီနှစ်လုံးတို့ကို ပါးပါးလှီးပြီး ကြိတ်စက်ထဲထည့်ကြိတ်ပါ။ ကြိတ်ထားတဲ့ ကြက်သွန်ဖြူနဲ့ ကြက်သွန်နီကြိတ်ဖတ်တွေကို ကြက်သားပန်းကန်ထဲထည့်ပါ။ ခရမ်းချဉ်သီး နှစ်လုံးကို ပါးပါးလှီး၊ စပါးလင်နှစ်ချောင်းကို ဓားပြားနဲ့ရိုက်ပြီး သုံးလေးပိုင်း ပိုင်းပြီး ထည့်ပါ။ ထို့နောက် နနွင်းမှုန့်၊ အရောင်တင်မှုန့်၊ ကြက်သားမှုန့်၊ ပုစွန်နှင်ပြာရည် ထမင်းစားဇွန်းတစ်ဇွန်း၊ ဆီကို ထမင်းစားဇွန်း သုံးဇွန်းထည့်ပြီး အရသာပြန့်သွားအောင် နယ်ပေးပါ။

ဘူးသီးတစ်လုံးကို တစ်ဝက်ပိုင်းပြီး အခွံခွာပြီး အစိပ်လေးတွေစိပ်၍ ရေဆေးပြီး ပန်းကန်ထဲမှာထည့်ထားပါ။

အားလုံးပြီးသွားရင် မီးဖိုပေါ်အိုးတင်ပြီး ဆီအနည်းငယ်ထည့်ပါ။ ဆီပူလာရင် အရသာတွေနယ်ထားတဲ့ ကြက်သားတွေကိုထည့်ပြီး မွှေပေးပါ။ ကြက်သားကျက်ပြီး အရောင်ပြောင်းသွားတဲ့အထိ ဖြည်းဖြည်းချင်းမွှေပေးရပါမယ်။ ကြက်သားထဲက ရေထွက်လာရင် အဖုံးကို ခဏအုပ်ပေးရပါမယ်။ ပြီးရင် ရေကို ဟင်းရည်သောက်ပန်းကန်ကြီးတစ်လုံးခန့်ထည့်ပြီး အဖုံးအုပ်ထားပါ။ ရေပွက်ပွက်ဆူလာရင် ဆားထမင်းစားဇွန်းတစ်ဝက်၊ ကြက်သားမှုန့် ထမင်းစားဇွန်းတစ်ဝက်၊ ပုစွန်ငံပြာရည် ထမင်းစားဇွန်း နှစ်ဇွန်းနဲ့ စပါးလင်တစ်ချောင်းကို ဓားပြားရိုက်ပြီးထည့်ကာ အဖုံးအုပ်ထားပါ။ ထို့နောက် ဘူးသီးတွေထည့်ပြီး အဖုံးခဏပြန်အုပ်ထားပါ။ ပင်စိမ်းကြိုက်ရင်တော့ ပင်စိမ်းရွက်အုပ်ပေးလိုက်ပါ။ ဒါဆိုရင်တော့ ကြက်သားကာလသားချက်တစ်ခွက် ရပြီပေါ့။

AMM

သီတင်းကျွတ်လပြည့်နေ့တွင် ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း (၁၃)နှစ်မြောက် စုပေါင်းဘုံဆွမ်းလောင်းလှူ



မန္တလေး၊ အောက်တိုဘာ ၂၆

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း၈၀ပေါ်ရှိ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့က ဦးစီး၍ (၁၃)နှစ်မြောက်၏ ဝါတွင်းကာလ (၁၃)ပတ်မြောက် စုပေါင်းဘုံဆွမ်းလောင်းလှူပွဲကို အောက်တိုဘာ ၂၆ ရက် (သီတင်းကျွတ်လပြည့်)နေ့ နံနက် ၆ နာရီက ကျင်းပခဲ့သည်။

ထိုသို့ ဘုံဆွမ်းလောင်းလှူပွဲတွင် မြတောင်ကျောင်းတိုက်မှ သံဃာတော် အပါး ၂၀၀ တို့အား ပင့်ဖိတ်၍ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆွမ်း၊ ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မ ဝတ္ထုဒွေများ ဆက်ကပ်လောင်းလှူကြသည်။ **(ဝဲပုံ)**

မန္တလေးမြို့ပေါ်ရှိ ကျောင်းတိုက်ကြီးများမှ ပင့်သံဃာ အပါး ၂၀၀ စီကို အလှည့်ကျ ပင့်ဖိတ်၍ နှစ်စဉ် ဝါတွင်းကာလ ဥပသံနေ့တိုင်း ဘုံဆွမ်းလောင်းလှူခဲ့သည်မှာ (၁၃)နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့.စဉ်-၆)**



နောင်ချိုတိမ်ပင်လယ်ရာသီ စတင် ယခုနှစ် တည်းခိုစခန်းနှစ်ခုသာ ဖွင့်လှစ်နိုင်သေး

နောင်ချို အောက်တိုဘာ ၂၆

မြန်မာနိုင်ငံ၏ ခရီးသွားရာသီ အကြိုကာလဖြစ်သည့် နောင်ချိုတိမ်ပင်လယ်ရာသီ စတင်နေပြီဖြစ်ပြီး ယခင်က ဖွင့်လှစ်ခဲ့သည့် တည်းခိုအပန်းဖြေစခန်းများအနက် အချို့မှာ ပြန်လည်ဖွင့်လှစ်နိုင်ခြင်း မရှိသေးကြောင်း ဒေသခံများထံမှ သိရသည်။

နောင်ချိုတိမ်ပင်လယ်ရာသီမှာ အောက်တိုဘာလမှ ဧပြီလရှိ လဆန်းပိုင်းအထိဖြစ်ပြီး ခရီးသွားဧည့်သည်များ လာရောက်အပန်းဖြေလေ့ရှိသည်။

ယခင်က တိမ်ပင်လယ် စခန်းအဖြစ် Villa၊ Resort နဲ့ ဒေသခံ ညအိပ်နားစခန်းတွေ ရှိခဲ့ပေမယ့် ဒီနှစ်တော့ မဖွင့်နိုင်ကြသေးပါဘူး။ Win Villa နဲ့ Cloudy Villa နှစ်ခုပဲ ဖွင့်နိုင်ပါသေးတယ်ဟု Cloudy Villa တိမ်ပင်လယ်စခန်းပိုင်ရှင် ဦးပြည့်စုံအောင်က ပြောသည်။

နောင်ချိုမြို့သည် ကမ္ဘာကျော် ဂုတ်ထိပ်တံတား တည်ရှိရာဒေသဖြစ်ပြီး နောင်ချိုတိမ်ပင်လယ်မှာ နောင်ချိုမြို့မှ ၁၆ မိုင်ခန့်အကွာရှိ နောင်ချိုကြီးကျေးရွာတွင် တည်ရှိသည်။ နောင်ချိုမြို့မှ တိမ်ပင်လယ်စခန်းများသို့ သွားရောက်ရန် တစ်နာရီခန့် ထပ်မံခရီးနှင်ရကြောင်း သိရသည်။

(အပေါ်ပုံ)
ရွှေမန်း

မဟာမုနိဘုရားကြီးတွင် ဘုရားဖူးလာပြည်သူများအား စတုဒိသာ ကျွေးမွေးလှူဒါန်း

မန္တလေး အောက်တိုဘာ ၂၆

သီတင်းကျွတ်လပြည့်နေ့တွင် မန္တလေးမြို့ မဟာမုနိဘုရားကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရပ်ဝေး၊ ရပ်နီးမှ ဘုရားဖူး လာရောက်ကြသည့် ပြည်သူများအား စတုဒိသာ ကျွေးမွေးလှူဒါန်းပွဲကို ယနေ့ နံနက် ၈ နာရီက မဟာမုနိဘုရားကြီး ဝင်းအတွင်း၌ ကျင်းပခဲ့သည်။

အဆိုပါ စတုဒိသာကျွေးမွေးပွဲတွင် မဟာမုနိဘုရားကြီးသို့ လာရောက်ကြသည့် ဘုရားဖူးဧည့်သည်များ၊ ရဟန်းသံဃာတော်များနှင့် ပြည်သူများအား အအေးဘူး၊ မုန့်၊ ကြာဆံဟင်းခါး၊ ကြက်ဆီထမင်း၊ ရေသန့်နှင့် အာဟာရဒါနများဖြင့် ကျွေးမွေးလှူဒါန်းခဲ့ကြသည်။ **(ဃဝပုံ)**

"စတုဒိသာက လပြည့်နေ့တိုင်းလှူပါတယ်။ ဒီနေ့က လပြည့်နေ့လည်း ဖြစ်တယ်။ သီတင်းကျွတ်ပွဲတော်လည်း ဖြစ်တော့ စတုဒိတာကျွေးတဲ့ အလှူရှင်တွေလည်း ပိုများတယ်။ ဘုရားဖူးလာတဲ့သူတွေလည်း များတယ်။ ဘုရားဖူးလာတဲ့သူတွေကို စိတ်ရွှင်လန်းအေးချမ်းစွာနဲ့ ဘုရားဖူးရင်း အာဟာရဒါန သုံးဆောင်နိုင်ဖို့ အတွက် ရည်ရွယ်ပြီး အခုလို စတုဒိသာ ကျွေးမွေးပွဲကို စုပေါင်းလှူဒါန်းတာ ဖြစ်ပါတယ်" ဟု အလှူရှင်တစ်ဦးက ပြောသည်။



မဟာမုနိဘုရားကြီးတွင် အခါကြီး ရက်ကြီးများနှင့် ပွဲတော်ရက်များတွင် စတုဒိသာ အလှူရှင်များက အလှည့်ကျ သင်္ခါထက်သန်စွာဖြင့် လာရောက်ကျွေးမွေးလှူဒါန်းလေ့ရှိရာ ယနေ့သည် သီတင်းကျွတ်လပြည့်နေ့ဖြစ်သည့် အတွက် ဘုရားဖူးဧည့်သည်များ ဖြင့် အထူးစည်ကား များပြားပြီး ညဉ့်ပိုင်းတွင်လည်း ဆီမီးတစ်သောင်း ပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)

သီတင်းကျွတ်ပွဲတော်ကာလအတွင်း ဒေသထွက် စားသောက်ကုန်များ ဝယ်ယူသူများပြားပြီး ရောင်းအားကောင်းလျက်ရှိ

မန္တလေး အောက်တိုဘာ ၂၆

သီတင်းကျွတ်ပွဲတော်ကာလနှင့်အတူ ရုံးနှင့်ကျောင်းပိတ်ရက်ရှည် ရောက်ရှိလာသည့်အတွက် ဒေသထွက်စားသောက်ကုန်များ ပုံမှန်ရက်များထက် ပိုမိုရောင်းအား ကောင်းနေကြောင်း ဒေသထွက် စားသောက်ကုန်ရောင်းဝယ်ရေး လုပ်ကိုင်နေသူများထံမှ သိရသည်။

သီတင်းကျွတ်ပွဲတော်ကာလ ပိတ်ရှည်ရက်များတွင် ဒေသထွက် စားသောက်ကုန်များကို ပြန်လည် ရောင်းချရန်၊ စားသုံးရန်၊ သီတင်းကျွတ်ကန်တော့ပွဲနှင့် လက်ဆောင်ပစ္စည်းအဖြစ်ပေးရန် ဝယ်ယူကြသည့်အတွက် ပိုမိုရောင်းအား ကောင်းနေခြင်းဖြစ်သည်ဟု ဒေသထွက် စားသောက်ကုန်ရောင်းချသူ ဒေါ်စိုးစိုးငယ်က ပြောသည်။

"သီတင်းကျွတ်ရောက်ပြီဆိုတော့ အိမ်ပြန်လက်ဆောင်ဝယ်တဲ့သူတွေရော၊ ကန်တော့ဖို့၊ လက်ဆောင်ပေးဖို့၊ အိမ်မှာစားဖို့ရော ဝယ်တဲ့သူတွေရော အများကြီးပဲ။ ဒေသထွက် စားသောက်ကုန်တွေက စားလို့လည်း ကောင်းတယ်၊ ဈေးလည်း သက်သာတဲ့အပြင် လက်ဆောင်ပေးရင်လည်း မျက်နှာပန်းလှတော့ လူကြိုက်များတယ်။ တချို့ဆိုရင် ပွဲဈေးတွေမှာ ပြန်ရောင်းဖို့အတွက်ပါ အများကြီး လာဝယ်ကြတယ်။ ဆိုင်မှာကဒေသအစုံကထွက်တဲ့ အစားစာတွေရော၊ လိုင်းပေါ်မှာ ခေတ်စားနေတဲ့ မုန့်တွေရော၊ အာလူးကြော်၊ ငါးရေခဲခြောက်၊ ထိုးမုန့်၊ ကော်ဖီ၊ ဘီစကစ်၊ အကြော်အလှော်တွေကအစ အစုံရှိတယ်။ ရှိသမျှမုန့်တွေလည်း ရောင်းအားကောင်းတယ်"ဟု ဌင်းက ပြောသည်။



ထို့အပြင် ဒေသထွက် စားသောက်ကုန်များသည် ဈေးနှုန်းသက်သာသည့်အပြင် အရသာကောင်းမွန်သည့်အတွက် ဝယ်ယူသူများပြားပြီး ပွဲဈေးနှင့် အခြားဒေသများသို့ ပြန်လည်ရောင်းချရန်အတွက် လက်လီရောင်းချသူများပါ မှာယူ၊ ဝယ်ယူလျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)**

(မန္တလေးနေ့.စဉ်-၅)

ဆီစက်လုပ်ငန်းရှင် ၄၀ ဦးခန့် ချေးငွေရရှိ၊ ဆက်လက်လျှောက်ထားနိုင်

မန္တလေး အောက်တိုဘာ ၂၆

ဆီစက်လုပ်ငန်း ဖွံ့ဖြိုးရေးချေးငွေကို အတိုးနှုန်း ၅ ရာခိုင်နှုန်းဖြင့် လုပ်ငန်းရှင် ၄၀ ဦးခန့် ခွင့်ပြုထုတ်ချေးထားပြီး ဆက်လက် လျှောက်ထားနိုင်ကြောင်း မြန်မာနိုင်ငံဆီစက်လုပ်ငန်းရှင်များ အသင်းမှ သိရသည်။

အသင်းဝင် ၇၀၀ ဦးခန့် ရှိသည့်အနက် ချေးငွေလျှောက်ထားသူများကို နိုင်ငံတော်က ခွင့်ပြုထုတ်ချေးပေးနေခြင်းဖြစ်ပြီး လက်ရှိတွင်လည်း လျှောက်ထားမှုများ ဆက်လက်ရှိနေကြောင်း အသင်းဒုတိယဥက္ကဋ္ဌက ပြောသည်။

ဆီစက်လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းသုံးလှည့်ပတ်ရင်းနှီးငွေအတွက် ငွေကျပ် သိန်း ၁၀၀ မှ ၅၊၀၀၀ အထိနှင့် မ၊တည်ရင်းနှီးငွေအတွက် ငွေကျပ် သိန်း ၂၀၀ မှ ၅၊၀၀၀ အထိ လျှောက်ထားနိုင်ပြီး အတိုးနှုန်းမှာ တစ်နှစ်လျှင် ၅ ရာခိုင်နှုန်း ဖြစ်သည်။

အဆိုပါချေးငွေကို အဆင့်မီစက်ပစ္စည်းများ တိုးချဲ့တပ်ဆင်ခြင်း၊ ရှိပြီးသားစက်ပစ္စည်းများ အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီ ဆီစက်အသစ်များတည်ဆောက်ခြင်းနှင့် လုပ်ငန်းလည်ပတ်ရန် လိုအပ်သည့် ရင်းနှီးငွေများအတွက် အသုံးပြုနိုင်သည်။



ထိုချေးငွေများကို နိုင်ငံ့ဘီးပွားမြှင့်တင်ရေးရန်ပုံငွေမှ တည်ထောင်ထားသည့် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေရန်ပုံငွေမှ ထုတ်ချေးပေးခြင်းဖြစ်ပြီး မြန်မာ့ဘီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပဂ္ဂလိကဘဏ် ၁၄ ဘဏ်တို့မှတစ်ဆင့် လျှောက်ထားနိုင်သည်။

ချေးငွေလျှောက်ထားသူများသည် လက်ရှိလုပ်ငန်းလည်ပတ်နေသည့် ဆီစက်ဖြစ်ရမည့်အပြင် သက်တမ်းရှိ လုပ်ငန်းအမည်ပေါက် ထိုင်စင်လည်း ရှိရမည်ဖြစ်သည်။ ထို့ပြင် မိမိအမည်ပေါက် မရွှေ့ပြောင်းနိုင်သောပစ္စည်း (သို့မဟုတ်)လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်(ပုံစံ-၇)ကို အာမခံအဖြစ် တင်ပြနိုင်ရမည်ဖြစ်သည်။

နိုင်ငံပိုင်ဘဏ်များနှင့် ပဂ္ဂလိကဘဏ်များတွင် လက်ရှိ ချေးငွေရယူထားသူများအနေဖြင့် ယခုချေးငွေကို လျှောက်ထားပါက သီးခြားအာမခံ တင်သွင်းနိုင်ရန် လိုအပ်သည်။

FDA လက်မှတ်နှင့် အသေးစား စက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ် ရရှိထားသူများအပြင် သက်ဆိုင်ရာဒေသရှိ ဆီစက်ပိုင်ရှင်များအသင်း၊ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဝင်များကိုလည်း ဦးစားပေး စဉ်းစားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့.စဉ်-၆)

--*-*-*-*-*

လျှပ်စစ်မီးဖိုများအကြောင်း တနေ့တခောင်း

လျှပ်စစ်မီးဖို (Electric Stove သို့မဟုတ် Electric Cooker) ဆိုသည်မှာ အစားအသောက် ချက်ပြုတ်ရန်နှင့် ကြော်၊လှော်၊ကင်ဖုတ်ရန်အတွက် လျှပ်စစ်အပူပေးစနစ် ထည့်သွင်းတည်ဆောက်ထားသော မီးဖို အမျိုးအစား ဖြစ်သည်။ ၄င်းသည် ထင်း(သို့မဟုတ်) ကျောက်မီးသွေးသုံး မီးဖိုများနေရာတွင် အစားထိုးလာကာ ယနေ့အခါ ကမ္ဘာတစ်ဝန်း၌ အသုံးများလာခဲ့သည်။ လျှပ်စစ်မီးဖိုနှင့် ပတ်သက်၍ အဓိကအချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

၁။ သမိုင်းကြောင်းနှင့် ပေါ်ပေါက်လာပုံ

စတင်တီထွင်မှု လျှပ်စစ်မီးဖိုများကို ၁၈၉၂ ခုနှစ် ဝန်းကျင်တွင် စတင်တီထွင်မိတ်ဆက်ခဲ့ပြီး ၁၉၀၅ ခုနှစ်တွင် ပိုမိုအသုံးဝင်သော ဒီဇိုင်းများ ပေါ်ထွက်လာခဲ့သည်။ (တီထွင်သူ၏အမည်အား ရှာဖွေတွေ့ရှိရခြင်းမရှိပါ)

ခေတ်စားလာခြင်း ထင်း၊ မီးသွေးများ စုဆောင်းရသည့် အလုပ်ရှုပ်မှုကို သက်သာစေသောကြောင့် လူကြိုက်များလာပြီး ၁၉၃၀ ပြည့်နှစ်များ နောက်ပိုင်းတွင် သုံးစွဲမှုပိုမိုမြင့်တက်လာခဲ့သည်။

၂။ အလုပ်လုပ်ပုံနှင့် နည်းပညာအမျိုးအစားများ

လျှပ်စစ်မီးဖိုများကို နည်းပညာအလိုက် အဓိကအားဖြင့် အောက်ပါအတိုင်း ခွဲခြားနိုင်သည်-

Hotplate (အပူပေးကွိုင်ပြား) အစောဆုံးနည်းပညာဖြစ်ပြီး လျှပ်စစ်မီးလျှင် အပူတက်လာသည့် ကွိုင်ခွေ (Resistive heating coils) များကို သံပြားအောက်တွင် ထည့်သွင်းကာ အိုးကို အပူပေးသည်။

Ceramic / Glass Cooktop ၁၉၇၀ ပြည့်နှစ်များတွင် ပေါ်ပေါက်လာပြီး အပူဒဏ်ခံ မှန်သားမျက်နှာပြင်အောက်တွင် အနီအောက်ရောင်ခြည် (Infrared) (သို့မဟုတ်)ကွိုင်များဖြင့် အပူပေးသည့် စနစ်ဖြစ်သည်။

Induction Cooker (လျှပ်စစ်သံလိုက်မီးဖို) ၄င်းသည် လျှပ်စစ်သံလိုက်စက်ကွင်း (Electromagnetic Field) ကို အသုံးပြု၍ အိုးကို တိုက်ရိုက်အပူတက်စေသည့် ခေတ်မီနည်းပညာဖြစ်ပြီး စွမ်းအင်အလေအလွင့် အနည်းဆုံးဖြစ်သည်။

၃။ အားသာချက်နှင့် အားနည်းချက်များ

အားသာချက် သန့်ရှင်းခြင်း၊ မီးခိုးနှင့် ဘေးထွက်ဓာတ်ငွေ့များ မထွက်ရှိခြင်း၊ အပူချိန်ကို ခလုတ်ဖြင့် အတိအကျ ထိန်းချုပ်နိုင်ခြင်း။

အားနည်းချက် လျှပ်စစ်ဓာတ်အား လိုအပ်ခြင်း၊ အချို့မီးဖိုများ (ဥပမာ- Induction)အတွက် သံလိုက်ဓာတ်ပါသော သီးသန့် ချက်ပြုတ်အိုးများသာ သုံးစွဲ၍ရခြင်း။

ထို့ကြောင့် မီးဖိုချောင်သုံး လျှပ်စစ်မီးဖို (Electric Stoves/Ovens)များသည် အဓိကအားဖြင့် အမျိုးအစားသုံးမျိုးသာ ရှိပါသည်။

၁။ ရိုးရိုးလျှပ်စစ်မီးဖို (Electric Coil/ Traditional Electric Stove)

အဆိုပါမီးဖိုအမျိုးအစားသည် သတ္တုကွိုင် (Metal Coils) များကို အပူပေးပြီး ချက်ပြုတ်သည့်စနစ်ကို အသုံးပြုပါသည်။ အဆိုပါကွိုင်များက နီရဲလာပြီး အပူကို ထုတ်ပေးပါသည်။ ကုန်ကျစရိတ် အလွန်သက်သာပြီး လက်လှမ်းမီသဖြင့်နေရာတော်တော်များများမှာ အတွေ့ရများပါသည်။

၂။ ကြွေပြားမျက်နှာပြင် လျှပ်စစ်မီးဖို (Smooth Top/ Ceramic Electric Stove)

အဆိုပါ မီးဖိုသည် မျက်နှာပြင်ညီသည့် ကြွေသား(Ceramic or Glass-Ceramic Top) အောက်မှ အပူပေးစက်များကို သုံးပြီး အပူပေးခြင်း ဖြစ်ပါသည်။ မျက်နှာပြင်သည် ပြေပြစ်နေခြင်းကြောင့် သန့်ရှင်းရလွယ်ကူပြီး မီးဖိုချောင်ကို ခေတ်မီသည့်ပုံစံမျိုး ဖြစ်စေပါသည်။

၃။ သံလိုက်ဓာတ်ဖြင့် အပူပေးသော မီးဖို (Induction Stove / Cooktop)

အဆိုပါမီးဖိုအမျိုးအစားသည် အပူကို ထုတ်ပေးရန်အတွက် သံလိုက်စက်ကွင်း (Magnetic Field) ကို အသုံးပြုပြီး မီးဖိုချောင်သုံး ပစ္စည်းကို တိုက်ရိုက်အပူပေးခြင်း ဖြစ်ပါသည်။ အဆိုပါစနစ်သည် အပူပေးနှုန်းအလွန်မြန်ပြီး အပူထိန်းချုပ်မှုလည်း ကောင်းပါသည်။ စွမ်းအင်လည်း ပိုမိုချွေတာပါသည်။ သို့သော် သံလိုက်ဓာတ်ကို လက်ခံနိုင်သည့် အထူးအိုးများကိုပဲ သုံးရန် လိုအပ်ပါသည်။

Infrared Cooker လျှပ်စစ်မီးဖို

Infrared Cooker (အလင်းတန်းလျှပ်စစ်မီးဖို)များသည် နောက်ဆုံးပေါ်ဖြစ်ပြီး အိုးအစုံအသုံးပြုနိုင်ပြီး ချက်ပြုတ်ရာတွင် အပူချိန်ကို အလွယ်တကူချိန်ညှိနိုင်သော မီးဖိုချောင်သုံးလျှပ်စစ်ပစ္စည်းတစ်မျိုးဖြစ်သည်။

Infrared Cooker ၏ အဓိက အချက်များ

အိုးအမျိုးအစားမရွေးခြင်း ကြွေအိုး၊ မှန်အိုး၊ သံပန်းအိုး၊ အလူမီနီယမ်အိုး စသည်ဖြင့် မည်သည့်အိုးမဆို တင်၍ ချက်ပြုတ်နိုင်သည်။

မီးအားချိန်ညှိနိုင်မှု လိုအပ်သလို မီးအေးမှ မီးပြင်းအထိ (ဥပမာ- ၁၀၀ W မှ ၂၀၀၀ W အထိ) စိတ်ကြိုက် ချိန်ညှိနိုင်သည်။

အသုံးဝင်သော စနစ်များ Touch Control ထိတွေ့သကော်တစနစ်၊ အချိန်သတ်မှတ်နိုင်သော Timer စနစ်နှင့် အပူချိန် ထိန်းချုပ်စနစ်များ ပါရှိတတ်သည်။

Induction Cooker (လျှပ်စစ်မီးဖို)

Induction cooker (လျှပ်စစ်မီးဖို)သည် လျှပ်စစ်သံလိုက်စွမ်းအင်ကို အသုံးပြု၍ အိုးကိုသာ တိုက်ရိုက်ပူလာစေရန် ပြုလုပ်ပေးသည့် ခေတ်မီမီးဖိုအမျိုးအစားဖြစ်ပြီး မီးစားသက်သာကာ အသုံးပြုရလုံခြုံသည်။

အလုပ်လုပ်ပုံနှင့် အားသာချက်များ

လျှပ်စစ်သံလိုက်နိယာမ မီးဖိုပြင်အောက်ရှိ ကွိုင်မှ သံလိုက်ဓာတ်ဖြင့် အိုးအောက်ခြေကို တိုက်ရိုက်အပူပေးသည်။

မီးစားသက်သာခြင်း Midea မြန်မာ၏ ဖော်ပြချက်အရ Induction မီးဖိုများသည် Infrared မီးဖိုများထက် မီးပိုစားသက်သာသည်။

ဘေးကင်းလုံခြုံခြင်း အိုးဖယ်လိုက်သည်နှင့် အလိုအလျောက် မီးပိတ်သွားသည့် (Auto Cut) နည်းပညာများ ပါရှိသည်။

ရွေးချယ်အသုံးပြုရန် အချက်များ

အိုးအမျိုးအစား သံလိုက်စုးဝင်နိုင်သော သံအိုး၊ သံမဏိအိုး (Stainless Steel) များသာ အသုံးပြုရသည်။ ဖန်အိုး၊ အလူမီနီယမ်အိုးများ အသုံးမပြုနိုင်ပါ။

Induction cooker (လျှပ်စစ်မီးဖို)သည် လျှပ်စစ်သံလိုက်စွမ်းအင်ကို အသုံးပြု၍ အိုးကိုသာ တိုက်ရိုက်ပူလာစေရန် ပြုလုပ်ပေးသည့် ခေတ်မီမီးဖိုအမျိုးအစားဖြစ်ပြီး မီးစားသက်သာကာ အသုံးပြုရလုံခြုံသည်။

Infrared နှင့် Induction ကွာခြားချက်

မီးဖိုဝယ်တော့မည်ဆိုလျှင် ဆိုင်များက Infrared ယူမလား၊ Induction ယူမလားဆိုပြီး မေးလေ့ရှိကြသည်။ နှစ်ခုစလုံး လျှပ်စစ်မီးဖိုများဖြစ်သော်လည်း Infrared နှင့် Induction ကွာခြားချက်၊ အားသာချက်နှင့် အားနည်းချက်အချို့ ရှိကြပါသည်။

အပူချိန်

Infrared မီးဖိုသည် အပူချိန်ကို တိုက်ခိုက်စုပ်ယူသည့် အမျိုးအစားဖြစ်ခြင်းကြောင့် မီးဖိုသုံးမည်ဆိုလျှင် ပတ်ဝန်းကျင် အလွန်ပူပြီး အပူလွိုင်းအများကြီးထွက်ပါသည်။ Induction မှာမူ အပူချိန်မှ တိုက်ရိုက်မယူဘဲ လျှပ်ညှိစွမ်းအင်ပြောင်းနှင့် အပူထုတ်ပေးခြင်း ဖြစ်၍ ချက်ပြုတ်သည့်အချိန်မှာ မီးအပူရှိန်ဟပ် သက်သာစေနိုင်ပါသည်။

ကွိုင်

Induction နှင့် Infrared မီးဖို နှစ်မျိုးလုံး ဖန်သားမျက်နှာပြင်နှင့် မီးဖိုတွေဖြစ်ကြပြီး Infrared မီးဖိုအမျိုးအစားမှာ အပူကို တိုက်ရိုက်ကွိုင်မှတစ်ဆင့် ထုတ်ပေးခြင်းဖြစ်ပြီး Induction မီးဖိုအမျိုးအစားများမှာမူ လျှပ်ညှိကွိုင်မှတစ်ဆင့် အပူထုတ်ပေးခြင်းဖြစ်ပါသည်။ Induction မီးဖိုများသည် ရေစိုခဲသည့် ဖန်သားမျက်နှာပြင်ဖြစ်၍ သန့်ရှင်းရေးလုပ်ရလွယ်ကူသည့်အပြင် လျှပ်စစ်အန္တရာယ်လည်း ကင်းရှင်းစေပါသည်။

အပူနှုန်း

Infrared မီးဖိုများသည် ပူရန်အချိန်ပိုကြာပါသည်။ Induction မီးဖိုများသည် အလယ်ဗဟိုအောက်ခြေကစပြီး ပူခြင်းဖြစ်၍ အပူရရှိချိန် ပိုမြန်ပါသည်။

မီးစားသက်သာမှု

Induction မီးဖိုများက Infrared မီးဖိုများထက် ပိုပြီး မီးစားသက်သာစေပါသည်။

ဒယ်အိုးရွေးချယ်မှု

Infrared များမှာ အမျိုးအစားမရွေးချယ်သော်လည်း Induction Cooker များမှာ လျှပ်ညှိသံလိုက် မီးဖိုဖြစ်သည့်အတွက် သတ်မှတ်ထားသည့် သံအရော Stainless Steel ၊ Cast Iron များနှင့် ပြုလုပ်ထားသည့် အိုးများဖြင့်သာ သုံး၍ရမည်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် ရိုးရိုးကွိုင်မီးဖိုများသည် ပြုပြင်ရလွယ်ကူပြီး ဈေးနှုန်းအလွန်သက်သာပြီး အင်ဖရာရဒ်မီးဖိုနှင့် အင်ဒပ်ရှင်းမီးဖိုများသည် ပြုပြင်ရခက်ခဲသလို ဈေးနှုန်းလည်း အတန်မြင့်မားသည်။ သို့သော် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ရှုထောင့်မှ သုံးသပ်ကြည့်ရှုမည်ဆိုပါက အင်ဖရာရဒ်မီးဖိုများနှင့်အင်ဒပ်ရှင်းမီးဖိုများကိုသာ ပိုမိုသုံးစွဲသင့် ပါကြောင်း ဗဟုသုတ ရရှိစေရန် အလို့ငှာ ရေးသားတင်ပြလိုက်ရပါသည်။

နော်ယဉ်ကျေး

ကျောက်ဆည်မြို့၌ ဆင်လှူပွဲတော် ကျင်းပ

ကျောက်ဆည်အောက်တိုဘာ ၂၆

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ထိပ် ဆုတောင်းပြည့်ဘုရားကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆင်လှူပွဲတော်ကို ယနေ့ နံနက် ၅ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ရွှေသာလျောင်း၊ မဟာမြတ်လေးဆူ၊ ဆည်တော်နံ ရွှေမုဋ္ဌောဘုရား ဦးစီးပဓာန နာယက ဆူးကုန်းရပ်ကွက် မဟာဝိသုဒ္ဓာရာမကျောင်းမှ ဘဒ္ဒန္တ ခေမိန္ဒာစာရ ဆရာတော် အမှူးပြုသော ပင့်သံဃာ ဆရာတော်ကြီးများအား အရာဏ်ဆွမ်းဆက်ကပ်ပြီး ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထိုက်ထိုက်ဇော်၊ ရွှေသာလျောင်း၊ မဟာမြတ်လေးဆူ၊ ဆည်တော်နံ ရွှေမုဋ္ဌောဘုရား ဂေါပကများ၊ မြို့မိ၊ မြို့ဖများ၊ နယ်သူနယ်သားများက ရွှေဆင်၊ ငွေဆင်များကို အမွေးနုံသာရည်ပက်ဖျန်း၍ ရွှေသာလျောင်း ဆုတောင်းပြည့်ဘုရားအား သုံးပတ် ပတ်၍ အနော်ရထာမင်းကြီး၏ ကျေးဇူးသစ္စာကို ရည်မှန်း၍ ဆုတောင်းပြည့်ဘုရားအား ရွှေ ဆင်၊ ငွေဆင်များ ပူဇော်ခဲ့ကြသည်။

ထို့နောက် ရွှေသာလျောင်း၊ မဟာမြတ်လေးဆူ၊ ဆည်တော်နံ ရွှေမုဋ္ဌောဘုရား ဦးစီးပဓာန နာယကဆရာတော်ထံမှ ငါးပါးသီလ တရားခံယူဆောက်တည်ကြပြီး လူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။


(ယာဝုံ)

(၄၈၅)



စာအုပ်စင်ကဏ္ဍ

စာအုပ်အမည် - တစ်ထောင့်တစ်ညပုံပြင်များပေါင်းချုပ်
စာရေးသူ - ကျော်လိုင်ဦး(မြန်မာပြန်)
ထုတ်ဝေသည့်စာပေတိုက် - စိတ်ကူးချိုချိုစာပေ
တန်ဖိုး - ၄၅၀၀၀ ကျပ်
စာမျက်နှာ - ၇၇၇ မျက်နှာ
ထုတ်ဝေသည့်ကာလ - ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ



တစ်ထောင့်တစ်ညပုံပြင်များစာအုပ်သည် အကြိမ်ကြိမ် ပြန်လည်ထုတ်ဝေရုံးသာ ရောင်းအားအကောင်းဆုံး စာအုပ်ဖြစ်သည်။ စာပယ်ဦးစာပေ(၁၉၉၇ ခုနှစ် မှ ၂၀၀၁ခုနှစ်)နှင့် (၂၀၁၄) တွင် ဆက်လက်ဖြည့်စွက်ထုတ်ဝေသော မူအတိုင်း ပြန်လည် ရိုက်နှိပ်ထုတ်ဝေသည်။


မူရင်းစာအုပ် (The Arabian Nights)ကို မြန်မာပြန်ဆိုထားသည်။ မြန်မာပြန်ဆိုသူ ဆရာကျော်လိုင်ဦးသည် စာရေးဆရာမင်းကျော်၏ ကလောင်ခွဲတစ်ခုဖြစ်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှ ပုံပြင်များကို မြန်မာစာဖတ်ပရိသတ်နှင့် ရင်းနှီးကျွမ်းဝင်စေမည့် စာအုပ်ကောင်းဖြစ်သည်။

အထူးသဖြင့် ပုံပြင်ကြိုက်နှစ်သက်သော ကျောင်းသား၊ လူငယ်များ လေ့လာဖတ်ရှုသင့်သည်။ မန္တလေးမြို့ရှိ စာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး)စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

ဗလငါးတန်ဖွဲ့ပြုးဖို့
စာအုပ်၊ စာပေ လေ့လာစို့။

ဖော်ညွှန်းသီ

စာအုပ်အမည် - လှုကထိန်သင်္ကန်းနှင့် လတန်ဆောင်ပွဲတော်များ
စာရေးသူ - တက္ကသိုလ်တေဇာလင်း
ထုတ်ဝေသည့်စာပေတိုက် - အောင်ချမ်းပြည့်စာပေ
တန်ဖိုး - ၈မူဒါန်
စာမျက်နှာ - ၂၂၅ မျက်နှာ
ထုတ်ဝေသည့်ကာလ - ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (ပထမအကြိမ်)



စာရေးသူ၏ စာမွန်ဦး အမှာစာနှင့်အတူ ကထိန်ပွဲနှင့်ပတ်သက်သည့် အကြောင်းခြင်းရာ ဆီမီးတန်ဆောင်နှင့် စာပန်းတိုင်ကိုယ်ပိုင်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ၏ ကထိန်ပွဲတော်တို့ ခွဲပျော် ဆုရစာစီစာကုံးများကို စုစည်းထုတ်ဝေသည့် စာအုပ်ဖြစ်သည်။

စာအုပ်တွင် လှူကထိန်သဘင်ခင်း၊ ကထိန်ခင်းပုံ အစီအစဉ်၊ ကထိန်သင်္ကန်းကပ်လှူခြင်းအကျိုး၊ ငါးမည်ရလှူကထိန်၊ ဘုံကထိန်၊ ကျီးမနိုးပွဲနှင့် ကျီးမနိုးကထိန်၊ မလှိုင်ဆရာတော်ကြီးဘဒ္ဒန္တကဉ္စန၏ မိန့်ခွန်းကား အစရှိသည်တို့နှင့် နာသုံးနာပိုင်ရှင် ကျောင်းအုပ်ဆရာမကြီး ခေါ်မိမိကျော်၏ အမှာစာတို့ပါရှိသည်။

စာအုပ်တွင်ပါရှိသော ကထိန်ပွဲတော် တို့ ခွဲပျော် ဆုရ စာစီစာကုံးများမှာ ဖတ်ချင်စဖွယ် အရေးအသား၊ အချက်အလက် စုံလင်သည့် စာစီစာကုံးများဖြစ်ရာ စာမေးပွဲတွင် မဖြစ်မနေ ဖြေဆိုရသော မြန်မာစာဘာသာရပ်မှ စာစီစာကုံးရေးနည်းကို အတုယူ မှတ်သားရမည့် စာအုပ်ကောင်းဖြစ်ပေသည်။

ပန်းတို့နေရာ ဆံကေသာ

* သာမောဖွယ်ရာ
ထန်းတောရွာက
သခင်မတောင်ရိပ်
နေညိုညို့မှာ
ကပိုကရိ အိပ်လို့
ကညာပျို ဆံပင်ဆံမြိတ်
အသွင်ကိုဆောင်
နေရောင်တောင်စွယ်အထိုးမှာ
ဟိုတောင်ပေါ်ရိုးဆီက
မြူခိုးတွေလွင်
နန်းတော်ရှေ့ဆရာတင်၏
ဘုတ်မင်းဂံ
အဟုတ်သီချင်းသံ ကြားပြန်တော့
ရှန်တဘက်ကလေး ခေါင်းပေါ်တင်
ကင်ပွန်းချွန်အင်ပုံကို မြင်မိ
ကမ္မဘူမို့ အဆိုရှိကာ
လူတို့ရွာက မာလာပန်းတို့နှင့်
တင့်တယ်စွာ မင်းဂံဘုတ်ရွာသူတို့ရဲ့
ပိတုန်းရောင်ကေသာ။ ။

နေခွန်ယဲ(ဆင်ရွာမြေ)

လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်ဝိုင်း ကျင်းပ

ကျိုင်းတုံ အောက်တိုဘာ ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ စာရေးဆရာချစ်နိုင်(စိတ်ပညာ)ရေးသားသည့် လူငယ်ဆိုတာလန်းရမယ် စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာနတွင် ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျိုင်းတုံမြို့နယ် စာပေချစ်မြတ်နိုးသူများအဖွဲ့ (Book Club)နာယက ဦးညွန့်အောင်က အမှာစကားပြောကြားပြီး ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ခေါ်ငြိမ်းငြိမ်းသန်းက စာဖတ်ဝိုင်းကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။



စာဖတ်ဝိုင်းတွင် ကျိုင်းတုံမြို့နယ် စာပေချစ်မြတ်နိုးသူများအဖွဲ့(Book Club) နာယကများ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကျိုင်းတုံတက္ကသိုလ်၊ Polytechnic University(ကျိုင်းတုံ)၊ ပညာရေးကောလိပ်၊ သူနာပြု/သားဖွားသင်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ၊ သင်တန်းသား၊ သင်တန်းသူများက စာရေးဆရာ ချစ်နိုင်(စိတ်ပညာ) ရေးသားသည့် လူငယ်ဆိုတာ လန်းရမယ် စာအုပ်ပါ အကြောင်းအရာများအား ဖတ်ကြားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)
မြို့နယ်(ပြန်/ဆက်)



ကြိုတင်ကာကွယ်အပူဒဏ်အန္တရာယ်လက်ကမ်းစာစောင်များ ဖြန့်ဝေ

လဲချား အောက်တိုဘာ ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ လဲချားမြို့တွင် လဲချားမြို့ စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဦးဆောင်၍ ကြိုတင်ကာကွယ်အပူဒဏ်အန္တရာယ် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက်ပိုင်းက ခရီးသွားပြည်သူများနှင့် မြို့နယ်စည်ပင်သာယာဈေးတွင် ကျင်းပခဲ့သည်။

အဆိုပါ လက်ကမ်းစာစောင်တွင် သတိပြုရမည့် အပူဒဏ်လက္ခဏာများ၊ အပူဒဏ်ကြောင့် ပင်ပန်းခွန်းနယ်ခြင်း လက္ခဏာများ၊ အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ၊ အပူဒဏ်ကာကွယ်နိုင်ရေး ရောင်ကြဉ်ရန် အချက်များ၊ အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ခံစားနေရသည့် လူနာများအား အရေးပေါ်ရေးဦးပြုစုခြင်း စသည့်အချက်များ ပါဝင်သည်။ (ယာဝဲပုံ)

ထိုသို့ ပြည်သူများအနေဖြင့် အယ်လ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အပူရှိန်မြင့်တက်လာမှုကို ကြိုတင်သိရှိကာ ပြင်ဆင်နိုင်ရန်အတွက် ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ် လက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် လဲချားမြို့စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့မိ၊ မြို့ဖများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ပြည်သူများထံ လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၉၇)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ



မန္တလေး အောက်တိုဘာ ၂၆

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း၏ (၉၇) ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)နံနက် ၄ နာရီခွဲက ၃၅လမ်းနှင့် ၆၉ လမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေ အပေါင်း ၃၅၀ ကျော်အား ဆွမ်း၊ ကြက်သားဟင်း၊ ငါးခြောက်ကြော်၊ သရက်သီး၊ ငှက်ပျောသီး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ခရုတို့ကို ဒါယကာ ဒါယိကာများက ကိုယ်တိုင်ကိုယ်ကျ လှူဒါန်းခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ဘုရားအနေကာတင်လှူ ပူဇော်ခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ဘုရားနှင့် ဆရာတော်၊ သံဃာတော်များအား ဩကာသကန်တော့ကျိုးဖြင့် ရှိခိုးကန်တော့ပြီး ဆရာတော်၊ သံဃာတော်တို့ ထံမှ ကိုးပါးသီလခံယူဆောက်တည်ခဲ့သည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခဲ့ပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်တို့အား လှူဖွယ်ဝတ္ထုအစုစုအား ဆက်ကပ်လှူဒါန်းခဲ့ကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ပြီး ဆရာတော်၊ သံဃာတော်များအား အရက်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ဝံ့)

လူမော်(ပြန်/ဆက်)

ဝါတွင်းကာလ အရက်ဆွမ်း လောင်းလှူ



လားရှိုး အောက်တိုဘာ ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)၌ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီး မျက်နှာတော်သစ်ပူဇော်ခြင်းနှင့် ဝါတွင်းကာလ အရက်ဆွမ်းလောင်းလှူခြင်းကို ယနေ့ နံနက် ၄ နာရီခွဲက အဆိုပါ ဘုရားကြီး ပရိဂုဏ်အတွင်း၌ ကျင်းပသည်။

ရှေဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ အမှုဖြည့်သည့် မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီး မျက်နှာတော်သစ်အဖွဲ့မှ သံဃာတော် အပေါင်း ၅၀၀ အား အရက်ဆွမ်းလောင်းလှူခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ဆရာတော်၊ သံဃာတော်များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးနှင့် တာဝန်ရှိသူများက မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီး မျက်နှာတော်သစ်ပူဇော်ခြင်းနှင့် ဆီမီး၊ ပန်း၊ ရေချမ်း၊ ဆွမ်းနှင့် သစ်သီးများ ဆက်ကပ်လှူဒါန်းခဲ့ပြီး ဆရာတော်၊သံဃာတော်များက ဘုရားအနေကာတင်လှူ ပူဇော်ခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက မြတ်စွာဘုရားနှင့် ဆရာတော်၊ သံဃာတော်များအား ဩကာသကန်တော့ကျိုးဖြင့် ရှိခိုးကန်တော့ပြီး ဆရာတော်၊ သံဃာတော်တို့ ထံမှ ကိုးပါးသီလခံယူဆောက်တည်ခဲ့သည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခဲ့ပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်တို့အား လှူဖွယ်ဝတ္ထုအစုစုအား ဆက်ကပ်လှူဒါန်းခဲ့ကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ပြီး ဆရာတော်၊ သံဃာတော်များအား အရက်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ဝံ့)

လူမော်(ပြန်/ဆက်)

တတိယအကြိမ်မြောက် မြို့လုံးကျွတ်သံဃာဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

မိုင်းယန်း အောက်တိုဘာ ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းမြို့နယ်တွင် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များနှင့် ဒေသခံပြည်သူ အလှူရှင်များ စုပေါင်းပြုလုပ်သော တတိယအကြိမ်မြောက် မြို့လုံးကျွတ် သံဃာဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို အောက်တိုဘာ ၂၅ ရက် နံနက် ၇ နာရီက ပါကန်ဘုန်းတော်ကြီးကျောင်းမှစတင်၍ ပါလျှံဘုန်းတော်ကြီးကျောင်းတိုက်အထိ စည်ကားသိုက်မြိုက်စွာ လောင်းလှူခဲ့ကြသည်။

အဆိုပါ စုပေါင်းပြုလုပ်သော တတိယအကြိမ်မြောက် မြို့လုံးကျွတ် သံဃာဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မိုင်းယန်းခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များ၊ ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့မ၊မြို့ဖများ၊ ဒေသခံပြည်သူ အလှူရှင်များတို့မှ မြို့နယ်အတွင်းရှိ သံဃာတော်များနှင့် ရှင်သာမဏေများ၊ စုစုပေါင်း အပေါင်း ၁၅၀ တို့အား မြို့တွင်း ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ စည်ကားသိုက်မြိုက်စွာ လောင်းလှူခဲ့ကြောင်း သိရသည်။

(ပုံ)

မြို့နယ်(ပြန်/ဆက်)

အရက်တော်ဝတ်အသင်းများအား အလှူငွေ ပေးအပ်လှူဒါန်း

စစ်ကိုင်း အောက်တိုဘာ ၂၆



စစ်ကိုင်း မြို့မိ၊ မြို့ဖအဖွဲ့မှ အရက်တော်ဝတ်အသင်းများအား အလှူငွေများပေးအပ်လှူဒါန်းပွဲကို ရတနာစေတီဆင်များရှင်ဘုရား စေတီတော်ရင်ပြင်ရှိ ဓမ္မဗိမာန်တော်ကြီးအတွင်း၌ အောက်တိုဘာ ၂၃ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ရှေဦးစွာ မြို့မိ၊မြို့ဖအဖွဲ့ ဥက္ကဋ္ဌ ဦးတင်မိုးလွင်က လှူဒါန်းရခြင်းအကြောင်းများကို ရှင်းလင်းတင်ပြပေးခဲ့သည်။

ဆက်လက်၍ စစ်ကိုင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မိုးသိန်းက ကျေးဇူးတင်စကားပြောကြား ခဲ့သည်။

ထို့နောက် ဝါတွင်းကာလ ဘုရားစဉ်အလိုက် ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ နဝကမ္မ အလှူငွေများကို အစဉ်အလာမပျက် သွားရောက်ပူဇော်ခဲ့ကြသော အရက်တော်ဝတ်အသင်း သုံးသင်းအား အလှူငွေများ အသီးသီး ပေးအပ်လှူဒါန်းကြရာ ဝတ်အသင်းတစ်သင်းလျှင် အလှူငွေကျပ် ၁၀ သိန်း ၅ သောင်းစီ လှူဒါန်းခဲ့သည်။

အလှူငွေပေးအပ်လှူဒါန်းပွဲတွင် မြို့မိမြို့ဖအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူများ၊ အရက်တော်ဝတ်အသင်း တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝံ့)

ကျော်မင်းသော်

ကုသိုလ်ဖြစ် ဆေးခန်းသို့ လာရောက်စမ်းသပ် စစ်ဆေးကုသနိုင်

မန္တလေး အောက်တိုဘာ ၂၆

မန္တလေး၊ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာအိမ်ရာ (မမ-၂၆)တွင် ဖွင့်လှစ်ထားရှိသော တို့လူငယ်အခမဲ့ကုသိုလ်ဖြစ်ဆေးခန်းကို အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းတွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဆင်းရဲချမ်းသာမရွေး၊ လူမျိုးဘာသာမရွေး လာရောက်စမ်းသပ်စစ်ဆေးကုသနိုင်သည်။

အဆိုပါဆေးခန်းတွင် အထွေထွေရောဂါများအား အတွေ့အကြုံရင့် ဆရာဝန်ကြီးများ သူနာပြုကြီးများမှ လိုအပ်သော ကျန်းမာရေးစစ်ဆေးခြင်း၊ ကုသခြင်းများ ECG ခေတ်မီစက်များဖြင့် စစ်ဆေးကုသပေးခြင်း၊ သွားဘက်ဆိုင်ရာ ဆရာဝန်များမှ သွားနှင့် ခံတွင်းရောဂါများကို စစ်ဆေးခြင်း၊ ကုသခြင်း၊ အကြံပေးခြင်းများ ကုသိုလ်ပြု ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။(၀၇၀)

(၂၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပ

မန္တလေး အောက်တိုဘာ ၂၆



မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း၈၀ရှိ ဖားသားလဖုန်းကျောင်း(အ·ထ·က-၁၄)ကျောင်းသားဟောင်းများ၏ (၂၄) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီက စိန့်ဂျိုးဇက်ဘုရားကျောင်း ဖားသားလဖုန်းခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ ကန်တော့ခံဆရာ၊ ဆရာမကြီး ကိုးဦးနှင့် ကျောင်းသားဟောင်း ၈၀ ဦးကျော် တက်ရောက်ကြသည်။ အခမ်းအနားတွင် စိန့်ဂျိုးဇက်ကျောင်းထိုင်ဘုန်တော်ကြီးမှ ကွယ်လွန်သူ ဆရာ၊ ဆရာမများအား ဝတ်ပြုဆုတောင်းပေးပြီး ကန်တော့ခံ ဆရာ၊ ဆရာမကြီးများအား ကျောင်းသားဟောင်းများက လက်အုပ်ချီမိုးကန်တော့ကြပြီး ဆရာ၊ ဆရာမကြီးတစ်ဦးလျှင် ငွေကျပ် ၁၄ သိန်း ခြောက်သောင်းနှုန်းဖြင့် ဂါရဝပြုခဲ့ကြပြီး နံနက်စာ ကျွေးမွေးကုသိုလ်ပြုခဲ့ကြကြောင်း သိရသည်။ (ဝံ့ပုံ) (၀၄၅)

မင်းလှမြို့နယ် သဖန်းချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ပေး

မင်းလှ အောက်တိုဘာ ၂၆

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သဖန်းချောင်းကျေးရွာ၌ (၁၁)ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ပြန်လည်ထုတ်ချေးပေးခြင်းကို အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမိုးသူက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းဆောင်ရွက်ခြင်းဖြင့်ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အကြောင်းအရာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေအကြောင်းများကို ရှင်းလင်းပြောကြားခဲ့သည်။



ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံ ငွေကျပ် ၅၂ သန်းကို ပွဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သဖန်းချောင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၇ ဦးကို ချေးငွေကျပ် ၄၅ ဒသမ ၂၀ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦးကို ချေးငွေကျပ် ၄ ဒသမ ၈၀ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးကို ငွေကျပ် သုည ဒသမ ၄၀ သန်း၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၁ ဒသမ ၆၀ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးထံသို့ (၁၁)ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၂ သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးထံမှ သိရသည်။ **(အပေါ်ဝဲပုံ)**

ကိုနိုင်(ကျေးလက်)

ဥတ္တရသီရိမြို့နယ်ရှိ ရေအရင်းအမြစ်များအား စစ်ဆေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

ဥတ္တရသီရိ အောက်တိုဘာ ၂၆

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဥတ္တရသီရိခရိုင်၊ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဥတ္တသီရိမြို့နယ်အတွင်း အယ်လ်နီညိ ရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေရှားပါးပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် ကျေးရွာများရှိ ရေအရင်းအမြစ်များအား စစ်ဆေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဝင်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့က ကျေးရွာအုပ်စု ငါးအုပ်စု၊ ကျေးရွာ ၁၁ ရွာ ကျေးရွာများသို့သွားရောက်၍ ရေအရင်းအမြစ်များအား စစ်ဆေးခြင်း၊ ကျေးရွာပြည်သူများနှင့်တွေ့ဆုံပြီး အသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဥတ္တသီရိမြို့နယ် အနေဖြင့် ကျေးရွာပေါင်း ၅၆ ရွာရှိပြီး အယ်လ်နီညိ ရာသီဥတုဖြစ်စဉ်ကြောင့် ကျေးရွာများတွင် သောက်သုံးရေရှားပါးမှု မဖြစ်ပေါ်စေရေးအတွက် ရေအရင်းအမြစ်များအား စစ်ဆေးခြင်းနှင့် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဥတ္တသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

အောင်ရဲကျော်

၀-၀-၀-၀-၀-၀-၀

အမြန်နှုန်းသတ်မှတ်ချက်လိုက်နာရန်

- မြို့နယ်နယ်နိမိတ်အတွင်း ၁ နာရီလျှင် မိုင် ၃၀ (၄၈)ကီလိုမီတာထက် ပို၍ မမောင်းရ။
- မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁ နာရီလျှင် မိုင် ၅၀ (၈၀)ကီလိုမီတာထက် ပို၍ မမောင်းရ။
- လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ။

ကျောက်ဆည်မူလတန်းကြိုကျောင်း၌ ရင်သွေးငယ်များ ဉာဏ်စွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ကျောက်ဆည် အောက်တိုဘာ ၂၆

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့ မူလတန်းကြိုကျောင်း၌ ဉာဏ်စွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။



ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံးမှ ဥက္ကဋ္ဌကြားရေးမှူး ဒေါ်ဆွေဆွေလင်းက အမှာစကားပြောကြားခဲ့ပြီး ကဗျာ၊ သီချင်း၊ ပုံပြင်၊ ပန်းချီ၊ အစက်ချ ဉာဏ်ပြိုင်ပွဲများတွင် ထူးချွန်ရင်သွေးငယ်များအား တိုင်းဦးစီးမှူး၊ ကျောက်ဆည်ခရိုင် လူမှုဝန်ထမ်းဦးစီးမှူးရုံးမှ ဒုတိယဥက္ကဋ္ဌကြားရေးမှူးနှင့် ဆရာ၊ ဆရာမများ၊ မိဘဆရာအသင်းဝင်များက ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

ထက်ထက်(ကျောက်ဆည်)



စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးလုံခြုံရေးစစ်ဆေး

ကန့်ဘလူ အောက်တိုဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်တွင် ရူပါအယ်လ်နီညိဖြစ်စဉ်ကာလနှင့် သီတင်းကျွတ်ကာလအတွင်း မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် ကန့်ဘလူခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ဇော်ဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဒေတ္တဥက္ကဋ္ဌ ဦးဆန်းမင်း၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်ဌေးဝင်း၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများသည် ယမန်နေ့ နံနက် ၁၀ နာရီက မြို့ပေါ်ရပ်ကွက်များရှိ စက်သုံးဆီအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ စစ်ဆေးရာတွင် အမှတ်(၂)ရပ်ကွက်ရှိ ရွှေဝါဝင်းနှင့် အမှတ်(၅)ရပ်ကွက်ရှိ သိန်းကမ္ဘာစက်သုံးဆီအရောင်းဆိုင်များတွင် ခရိုင်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက ရေ၊ သဲ၊ မီးသတ်ဆေးဘူး၊ အဝတ်စိုတို့ဖြင့် မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ကြပြီး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ရောင်းချခြင်းရှိ၊ မရှိ၊ မီးသတ်ဆေးဘူးများ သက်တမ်းပြည့်မီခြင်း ရှိ၊ မရှိ၊ မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေများကိုစစ်ဆေးပြီး ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပွားစေရေး ကြိုတင်ပြင်ဆင်ထားရှိသင့်သည်များနှင့် အရောင်းဝန်ထမ်းများကို ကိုယ်စီတာဝန်များ သတ်မှတ်ဆောင်ရွက်စေရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

အောင်ဝင်းဦမိုး(ကန့်ဘလူ)

၀-၀-၀-၀-၀-၀-၀

VDP စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



ခေါင်လန်ဖူး အောက်တိုဘာ ၂၆

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေနှင့် ပြည်သူထည်ဝင်ငွေတို့ဖြင့် ထလားလော်ကျေးရွာအုပ်စု၊ နမ်ဇယ်ကျေးရွာတွင် မြေသားလမ်းဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းက မြို့နယ်ကျေးလက်ဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခေါင်လန်ဖူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်၊ (VDP) စီမံကိန်းတာဝန်ခံတို့နှင့်အတူ နမ်ဇယ်ကျေးရွာတွင် မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးပြီး ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာဖြင့် ပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

အဆိုပါ နမ်ဇယ်ကျေးရွာတွင် စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာထည့်ဝင်ငွေကျပ် ၇ ဒသမ ၁၈ သန်း၊ စုစုပေါင်း ငွေကျပ် ၂၂ ဒသမ ၁၈ သန်းဖြင့် လမ်းအရှည် ၁ မိုင်၊ အနံ ၆ပေရှိ မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းအား ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုနှင့်အတူ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၂၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ရာ ကျေးရွာပညာရေးကဏ္ဍအတွက် များစွာအကျိုးပြုနိုင်မည်ဖြစ်ကြောင်း ခေါင်လန်ဖူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောပြသည်။ **(အပေါ်ဝဲပုံ)**

ချစ်ဦးကို



(၃၈) နှစ်မြောက်နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

မကွေး အောက်တိုဘာ ၂၆

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၀၆ထမ်းများစုပေါင်း၍ မကွေးတိုင်းပြည်သူ့ဆေးရုံကြီးတွင် ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေမြောင်းများအတွင်းရှိ အမှိုက်သရိုက်များအား အမှိုက်ကားများဖြင့် စနစ်တကျ သိမ်းဆည်းရှင်းလင်းနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည့် ၀၆ထမ်းများအား အချီရည်၊ မုန့်နှင့် ရေသန့်ဘူးများ ဝေငှပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မကွေးတိုင်းပြည်သူ့ဆေးရုံကြီးအတွင်း တိုးချဲ့ ငါးထပ်ဆောင်တည်ဆောက်ရေးလုပ်ငန်းခွင်အား သွားရောက်ကြည့်ရှုရာ တာဝန်ရှိသူများက တိုးချဲ့ငါးထပ်ဆောင် ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့်ပတ်သက်၍အသေးစိတ်ရှင်းလင်းတင်ပြရာ တင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျဆောက်လုပ်ရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေးနှင့် လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးတို့အတွက် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မောင်စိုင်မင်း(ပြန်/ဆက်)



ရေအရင်းအမြစ်များအား စစ်ဆေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

ပူတာအို အောက်တိုဘာ ၂၆

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး၀န်ကြီးဌာန ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပူတာအိုမြို့နယ်အတွင်း အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေ ရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် ကျေးရွာများရှိ ရေအရင်းအမြစ်များအား စစ်ဆေးခြင်း၊ ကျေးရွာပြည်သူများနှင့်တွေ့ဆုံပြီး အသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်၀ဲပုံ)

အောင်ရဲကျော်

သီတင်းကျွတ်အထိမ်းအမှတ် အလွတ်တန်း အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ

မိုးညှင်း အောက်တိုဘာ ၂၆

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့တွင် သီတင်းကျွတ် အထိမ်းအမှတ်အဖြစ် အလွတ်တန်းသုံး ယောက်တွဲ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲကို အောက်တိုဘာ ၂၅ ရက် နံနက် ၈ နာရီက အောင်သပြေရပ်ကွက်ရှိ စုပေါင်းရုံးရှေ့ကွင်းပြင်တွင် ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်စိုးတင့်ကသီတင်းကျွတ် အထိမ်းအမှတ်အဖြစ် အလွတ်တန်းသုံးယောက်တွဲ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အဖွင့်မိန့်ခွန်းအား ပြောကြားပြီး အားကစားသမားများမှ အားကစားသစ္စာအဓိဋ္ဌာန်ကို သံပြိုင်ရွတ်ဆိုကြပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ပြိုင်ပွဲ၀င် အားကစားသမားများအား လိုက်လံတွေ့ဆုံ အားပေးစကားပြောကြားကာ ပြိုင်ပွဲ၀င် အားကစားသမားများက ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာခဲ့ကြသည်။

ထို့နောက် ပြိုင်ပွဲများအား ဆက်လက် ယှဉ်ပြိုင်ကစားကြ၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူများမှ အေးချမ်းပျော်ရွှင်စွာ ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲကို အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်အထိ စုစုပေါင်းအသင်း (၁၁)သင်း အုပ်စုအသင်းပတ်လည်စီဖြင့် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

ရွှေမိုးညှင်း

o-o-o-o-o-o-o-o



မြန်မာ့ရိုးရာ သီတင်းကျွတ်မီးထွန်းပွဲတော်ဖွင့်ပွဲ ကျင်းပ

မြင်းခြံ အောက်တိုဘာ ၂၆

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင် ၁၃၈၈ ခုနှစ် မြန်မာ့ရိုးရာ သီတင်းကျွတ်မီးထွန်းပွဲတော်ဖွင့်ပွဲကို အောက်တိုဘာ ၂၅ ရက် ည ၆ နာရီက ကျင်းပခဲ့သည်။

သီတင်းကျွတ်မီးထွန်းပွဲတော်ဖွင့်ပွဲကို တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးမန်းမြင့်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်စွာဝင်းခိုင်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းမင်းထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွဋ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး ဆန္ဒတော်ပြည့် စေတီတော်၌ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော် ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ချစ်ဦးနွေ(မြင်းခြံ)

o-o-o-o-o-o-o-o



ရေနုတ်ပြောင်းသည့် အမှိုက်စွန့်ပစ်ရန် နေရာပဟုတ်ပါ ။

စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

မိုးကုတ် အောက်တိုဘာ ၂၆

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင် မိုးကုတ်မြို့နယ်၊ မြို့မရပ်ကွက်၊ ရှမ်းစုရပ်ရွာ ချမ်းသာကြီးဘုရား၀င်းအတွင်း နိုဝင်ဘာ ၇ ရက်တွင်ကျရောက်မည့် (၃၈)နှစ်မြောက်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုခြင်းအထိမ်းအမှတ်အနေဖြင့်စုပေါင်းသန့်ရှင်းရေးကို အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းက ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးကိုကို၏ ဦးဆောင်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်ထမ်းများမှ စုပေါင်းသန့်ရှင်းရေးအား အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

စိုင်းလှမြင့်သိန်း(ပြန်/ဆက်)



မတ်ပဲ အထူး Export Zone ဖော်ဆောင်ရန် စီစဉ်

မတ်ပဲကို အထူးပို့ကုန်ဇုန် (Export Zone) ဖော်ဆောင်ရန် စီစဉ်နေကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

မတ်ပဲသည် ပြည်ပတင်ပို့မှုများပြားပြီး ဝယ်လိုအားရှိသည့် ပဲမျိုးစုံတစ်မျိုးဖြစ်သဖြင့် အထူးပို့ကုန်ဇုန် ဖော်ဆောင်ရန် လျာထားခြင်းဖြစ်သည်။

လက်ရှိတွင် မတ်ပဲကို ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့၌ အများဆုံးစိုက်ပျိုးကြသည်။

(၀ဲပုံ)

မတ်ပဲ အထူးပို့ကုန်ဇုန်တွင် ပါ၀င်မည့် တောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ရန်နှင့် ပိုးသတ်ဆေးများကို သတ်မှတ်နည်းလမ်းများအတိုင်း အသုံးပြုရန် လိုအပ်မည်ဖြစ်သည်။

ထို့အပြင် အထွက်နှုန်းတိုးမြှင့်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများဘက်မှ အကူအညီနှင့် အထောက်အပံ့များ ပေးအပ်နိုင်မည်ဟု သိရသည်။

သို့သော် အထူးပို့ကုန်ဇုန် ဖော်ဆောင်မည့် ဒေသများကို လက်ရှိအချိန်အထိ အတိအကျ မသိရသေးကြောင်း၊ မတ်ပဲကုန်သည်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ရွှေမန်း





စက်သုံးဆိုင်ကယ်များအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လိုက်လံစစ်ဆေး

စစ်ကိုင်း၊ အောက်တိုဘာ ၂၆

စစ်ကိုင်းခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ စက်သုံးဆိုင်ကယ်များအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မီးလောင်မှု၊ မီးလန့်မှု မဖြစ်ပွားစေရေး ယမန်နေ့ နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များရှိ စက်သုံးဆိုင်ကယ်များတွင် လိုက်လံစစ်ဆေးခဲ့သည်။

စစ်ကိုင်းခရိုင် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ကိုကို၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မြင့်ဟန်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များသည် စစ်ကိုင်းမြို့၊ တင်းတိပ်ရပ်ကွက်ရှိ Denko စက်သုံးဆိုင်၊ ပျူကော်ရပ်ကွက်ရှိ ရွှေဗျိုင်းဖြူ စက်သုံးဆိုအရောင်းဆိုင်များအား စက်သုံးဆိုသိုလှောင်မှုစနစ်တကျရှိစေရေး၊ အပူလွန်ကဲမှုကြောင့် မီးလောင်မှုမဖြစ်ပွားစေရေး၊ မီးသတ်ရေကန်များနှင့် မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများ၊ မီးသတ်ဆေးဘူးများအသင့်ကြိုတင်ပြင်ဆင်ထားရေး၊ ဆက်သွယ်ရေးစနစ်များ ကောင်းမွန်စေရေး၊ ဝင်လမ်းထွက်လမ်းများ ကောင်းမွန်စေရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆီဆိုင်တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

နေလင်းအောင်(ပြန်/ဆက်)

--*-*-*-*-*

အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီးနှင့် မော်တော်ဆိုင်ကယ်နှစ်စီး ဖမ်းဆီးအရေးယူ



နေပြည်တော် အောက်တိုဘာ ၂၆

တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့ရှိ မြို့နယ်အချို့၌ လိုင်စင်မဲ့ မော်တော်ယာဉ်နှစ်စီးနှင့် မော်တော်ဆိုင်ကယ်နှစ်စီး ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၉ ရက် နံနက် ၁၁ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ သမုဒ္ဒနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် မရဲပင်ချောင်းကျေးရွာ လမ်းမပေါ်အရောက်၌ ရပ်တန့်ထားသော အဆိုပါကျေးရွာနေ ဦးဟိန်းမင်းအောင်(၃၂)နှစ်ဆိုသူ ပိုင်ဆိုင်သည့် HONDA FIT မော်တော်ယာဉ်အား စစ်ဆေးခဲ့ရာ အဆိုပါ မော်တော်ယာဉ်နှင့် ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ဟိန်းမင်းအောင်ဆိုသူအား သမုဒ္ဒနယ်မြေရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေဖြင့်လည်းကောင်း။

အလားတူ မွန်းလွဲ ၁ နာရီခွဲတွင် ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်၊ အမှတ်(၃)ရပ်ကွက်ရှိ နောင်ခမ်းမီးပွိုင့်၌ အမှတ်(၁၂၀)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ကျိုင်းတုံမြို့တွင်းမှ လေယာဉ်ကွင်းဘက်သို့ မိုင်းယန်းမြို့နယ်၊ နမ့်ခေးမိုင်ကျေးရွာနေ ဦးအားဆဲ(၃၂)နှစ်ဆိုသူ မောင်းနှင်လာသည့် TOYOTA WISH အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါ မော်တော်ယာဉ်နှင့် ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် အားဆဲဆိုသူအား ကျိုင်းတုံမြို့မရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေဖြင့်လည်းကောင်း။

ထို့အတူ မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် မွန်ပြည်နယ်၊ သထုံမြို့နယ်၊ သုမဒ္ဒဝတီမြို့သစ်၊ ထောင်မူးကျေးရွာအနီး သထုံ-ဘားအံ ကားလမ်းပေါ်၌ သုမဒ္ဒဝတီနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ဘားအံမြို့မှ သထုံမြို့ဘက်သို့ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အောက်ငွေ့ကြီးကျေးရွာနေ ဦးမျိုးသီဟကျော်(၃၂)နှစ်ဆိုသူတို့ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်တို့အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ဆိုင်ကယ်များနှင့် ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ဆိုင်ကယ်များဖြစ်ကြောင်း စစ်ဆေးသိရသဖြင့် မိုးသီဟကျော်နှင့် ခိုင်မင်း(ခ)ကိုမျိုး(၃၇)နှစ်ဆိုသူတို့အား သုမဒ္ဒဝတီနယ်မြေရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေဖြင့် လည်းကောင်း အသီးသီး အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့ စဉ်သတင်းအဖွဲ့)

--*-*-*-*-*

ဆီပန့်ဆိုင်၌ ဆီသိုလှောင်ကန် မီးလောင်မှုဖြစ်ပွား

မူဆယ် အောက်တိုဘာ ၂၆

ရှမ်းပြည်နယ်၊ မူဆယ်မြို့နယ်၊ စွမ်တော်ရပ်ကွက်၌ ပိုင်ရှင် ဦး.....(၆၃)နှစ်ဆိုသူ၏ ဆီပန့်ဆိုင်အနောက်ဘက် ပေ(၆၀×၄၀)၊ သွပ်မိုး၊ သွပ်ကာ၊ ကွန်ကရစ်ခင်း တစ်ထပ်အဆောက်အအုံအတွင်းရှိ ဒီဇယ်ဆီလှောင်ကန်သို့ ဆီဖြည့်နေစဉ် ဆီဘောက်ဆာကားအား နောက်ဆုတ်ရာ အနောက်ဘက်ရှိ အုတ်ခုံဖြင့် တိုက်မိရာမှ မီးပွားထွက်၍ ဆီသိုလှောင်ကန်သို့ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိ သဖြင့် အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီခန့်က မူဆယ်ခရိုင်နှင့် မြို့နယ်မီးသတ်စခန်းတို့မှ မီးသတ်တပ်ဖွဲ့ဝင်များသည် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ မီးသတ်ယာဉ် ၃၀ စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီ ၂၀ မိနစ်တွင် မီးငြိမ်းခဲ့ပါသည်။

အဆိုပါ မီးလောင်မှုကြောင့် ပေ(၆၀×၄၀)၊ သွပ်မိုး၊ သွပ်ကာ၊ ကွန်ကရစ်ခင်း တစ်ထပ်အဆောက်အအုံတစ်လုံး၊ ဒီဇယ်ဆီသိုလှောင်ကန် လီတာ ၂၀၀၀၀ ဆုံ လေးကန်အနက် ဆီသိုလှောင်ကန်နှစ်ကန်မှ ဒီဇယ် ၁၀၀၀၀ လီတာခန့် မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ပိုင်ရှင် ဦး..... ဆိုသူအား မူဆယ်မြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့ စဉ်သတင်းအဖွဲ့)

--*-*-*-*-*

နေအိမ် မီးလောင်မှုဖြစ်ပွား



မော်လမြိုင် အောက်တိုဘာ ၂၆

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ သာယာအေးရပ်ကွက်၊ မေတ္တာလမ်းတွင် ပိုင်ရှင် ဒေါ်... (၄၈)နှစ်ဆိုသူ၏ ပေ(၁၀×၂၀)၊ ခနိုမိုး၊ ထရံကာ၊ ပျဉ်ခင်း တစ်ထပ်နေအိမ်တွင် ထင်းမီးဖိုဖြင့် ခေါက်ဆွဲပြုတ်ထားရာမှ အနီးရှိထရံသို့ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သိရသဖြင့် အောက်တိုဘာ ၂၃ ရက် နံနက် ၁၁ နာရီ ၃၈ မိနစ်ခန့်က မွန်ပြည်နယ် မီးသတ်ဦးစီးမှူးရုံးနှင့် မော်လမြိုင်မြို့နယ် မီးသတ်စခန်းတို့မှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်လေးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီ ၄၈ မိနစ်တွင် မီးငြိမ်းခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် ပေ(၁၀×၂၀)၊ ခနိုမိုး၊ ထရံကာ၊ ပျဉ်ခင်းတစ်ထပ်နေအိမ် တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ပိုင်ရှင် ဒေါ်... ဆိုသူအား မော်လမြိုင်မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ဝဲပုံ)**

(မန္တလေးနေ့ စဉ်သတင်းအဖွဲ့)

သင့်အသက်အန္တရာယ်
ကာကွယ်ရန်အတွက်
ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းပြီး
မေးသိုင်းကြိုး သေချာစွာ တပ်ပါ။

လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော



မိုးကောင်း အောက်တိုဘာ ၂၆

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီက နန့်ပိုင်စံပြကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မိုးညှင်းခရိုင်၊ မိုးကောင်းမြို့နယ်၊ နမ္မတီးနယ်မြေရဲစခန်းမှ စခန်းမှူး ဟိန်းဇော်လတ်က လူကုန်ကူးမှုတားဆီးကာကွယ်ရေး အပါအဝင် ပြစ်မှုဆိုင်ရာအကြောင်းအရင်းနှင့် ဆိုးကျိုးများ၊ အကြမ်းဖက်မှုပပျောက်ရန်နှင့် ခိုးမှု၊ လုယက်မှု မဖြစ်စေရေးအတွက် ပြည်သူအားလုံး ပါဝင်တိုက်ဖျက်ရန် အကြောင်းအရာများကို ဟောပြောပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြိုးဖြိုးကြိုင်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မေဝင်းတို့က အယ်လ်နီညှိနှင့် ပတ်သက်သည့် အကြောင်းအရာများကို အသိပညာပေး ဟောပြောကြပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

သန်းလွင်ဦး(ပြန်/ဆက်)



မြသလွန်ဧစေတီတော်မြတ်ကြီး၏ (၂၅၉၀) ကြိမ်မြောက် ပုဒ္ဓပူဇနီယပွဲတော်တွင် ဘုရားပူးလာပြည်သူများဖြင့် စည်ကား

မကွေး အောက်တိုဘာ ၂၆

မကွေးမြို့၊ သမိုင်းဝင်မြသလွန် ဧစေတီတော်မြတ်ကြီး၏ (၂၅၉၀) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

သမိုင်းဝင်မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၉၀) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၀ ရက်မှ တန်ဆောင်မုန်းလဆန်း ၆ ရက်အထိ ရက်ပေါင်း ၂၆ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ဗုဒ္ဓပူဇနီယဘုရားပွဲတော်ကြီးအထိမ်းအမှတ် ဆီမီးမြတ်ကြီး၏ (၂၅၉၀) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၀ ရက်မှ တန်ဆောင်မုန်းလဆန်း ၆ ရက်အထိ ရက်ပေါင်း ၂၆ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ဗုဒ္ဓပူဇနီယဘုရားပွဲတော်ကြီးအထိမ်းအမှတ် ဆီမီးမြတ်ကြီး၏ (၂၅၉၀) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်တွင် အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် ဧစေတီတော်ဘုရားပတ်လမ်းတစ်လျှောက် ဈေးဆိုင်တန်းများ၊ စားသောက်ဆိုင်များ၊ ကလေးကစားကွင်းများ၊ နိုင်ငံကျော်ဇာတ်သဘင်များ၊ ဖျော်ဖြေရေးအစီစဉ်များ၊ ဒေသထွက်ကုန်အရောင်းဆိုင်များနှင့် အညာဒေသရိုးရာမုန့်ဆိုင်တန်းများဖြင့် ခင်းကျင်းရောင်းချပေးလျက်ရှိပြီး အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများဖြင့် နေ့စဉ်စည်ကားလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝံပုံ)

မောင်နိုင်မင်း(ပြန်/ဆက်)

မြစိမ်းရောင်ကျောရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေး

ပွင့်ဖြူ အောက်တိုဘာ ၂၆

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါက်ကုန်းကျေးရွာအုပ်စု၊ ကျောင်းစုကျေးရွာ၌ (၁၂)ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လှကြူနွဲ့က မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်ပိုင်တစ်နိုင် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့်ကျေးလက်လူနေမှု အဆင့်အတန်းကွာဟမှုကို လျော့ချနိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေများကို ထုတ်ချေးပေးခြင်းဖြစ်၍ စီမံကိန်းလုပ်ငန်းများ ရေရှည်မွမ်းမံဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းနှင့် ပတ်သက်၍ လိုက်နာရမည့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းကမ်းချက်များ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထဲ ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျောင်းစုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၈ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၉ ဦး၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၅ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၄၅)



အယ်လ်နီညိုရာသီဥတုဖြစ်စဉ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ စီမံဆောင်ရွက်ထားရှိမှုများ ကွင်းဆင်းစစ်ဆေး

ညောင်ဦး အောက်တိုဘာ ၂၆

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ် ကြိုတင်ကာကွယ်ပြင်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညို နှင့် တာဝန်ရှိသူများက ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ညောင်ဦးခရိုင်အတွင်း အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံချက်များရေးဆွဲ၍ ဆောင်ရွက်လျက်ရှိရာ ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင် တင့်နှင့် ကော်မတီဝင်များသည် ညောင်ဦးမြို့နယ်အတွင်း အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများ ကွင်းဆင်းအသိပညာပေးဟောပြောခြင်း၊ ညောင်ဦးခရိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မီးသတ်ဝန်ထမ်းများက စက်သုံးဆီအရောင်းဆိုင်များ၊ ရပ်ကွက်၊ ကျေးရွာများသို့ မီးဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရန်၊ ရှောင်ရန်နှင့် မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ခြင်း၊ ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံကြီး၌ အပူရှိပ်၊ အပူဒဏ်ရလူနာများအတွက် Heat Stroke Unit အဆောင်၊ အခန်းများ ကြိုတင်စီမံဆောင်ရွက်ထားရှိသည်။ အဆိုပါစီမံဆောင်ရွက်ထားရှိမှုများကို ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိမှုများကို လိုက်လံစစ်ဆေးခဲ့ပြီး လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၁)



အပူဒဏ်အန္တရာယ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြော

မိုးကောင်း အောက်တိုဘာ ၂၆

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စိုက်ပျိုးရေး ဦးစီးဌာနနှင့်ပူးပေါင်း၍ ဆောင်းသီးနှံ ပဲပုပ်စိုက်ပျိုးမည့် တောင်နီကျေးရွာတွင် အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းအား အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာခန်းမ၌ ကျင်းပခဲ့သည်။

ထိုသို့ အသိပညာပေးဟောပြောရာတွင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း မိုးရွာသွန်းမှု မှုမမှန်ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားပါးမှုနှင့် အခြားဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်နိုင်သဖြင့် သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရန် ရေကို ကြိုတင်စုဆောင်းထားရှိရန်နှင့် ရေကို စနစ်တကျသုံးစွဲကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် မိုးကောင်းမြို့နယ် ကျေးလက်ဦးစီးမှူး ဒေါ်ခင်မေဝင်းနှင့် တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာပါက ဌာနဆိုင်ရာအဖွဲ့အစည်းများထံသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ရပ်မိ၊ ရပ်ဖများ၊ ဆောင်သီးနှံစိုက်ပျိုးမည့် တောင်သူများထံသို့ အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာဆောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

(ဝံပုံ)

ချစ်ဦးကို

o-o-o-o-o-o-o-o



အယ်လ်နီညိုနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

မိုင်းယောင်း အောက်တိုဘာ ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့အမှတ်(၈)ရပ်ကွက် ဗလမင်းထင်လမ်း၌ ယမန်နေ့ နံနက်ပိုင်းက အယ်လ်နီညိုနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

(ယာဝုံ)

ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီတို့၏ ဦးဆောင်မှုဖြင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့မိ၊ မြို့ဖများ၊ ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ မီးဘေးလုံခြုံရေး စသည့် အယ်လ်နီညိုနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် အသိပညာပေးလက်ကမ်းစာစောင်ရေ ၅၀၀ အား ဖြန့်ဝေခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



အမျှားသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရာတနာဘုမ္မိအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၃၃)၊ ဦးပိုင်အမှတ်(၃၂+၃၄)၊ ဧရိယာ(၀ ဒသမ ၀၁၈၄+၀ ဒသမ ၀၂၃၀)ဧက အကျယ်အဝန်းရှိ ဒေါ်မြင့်သက်မော် အမည်ပေါက် ဘိုးဘိုပိုင်မြေကွက်များထဲမှ အနောက်ဘက်ခြမ်းခွဲကျန် ဧရိယာ (၀ ဒသမ ၀၂၉၈)ဧက အကျယ်အဝန်း မြေကွက်အစိတ်အပိုင်းပေါ်ရှိ နံကပ်(၂)ထပ်အဆောက်အအုံ၊ (ရေ+မီး)အပါအဝင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဖြစ်သော ဒေါ်မြင့်သက်မော်(၉/မရတ(နိုင်)၀၆၁၃၇၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးစရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ လာ ရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည်သူမရှိပါက ဤအရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-

ဒေါ်စင်မာအောင်(LL.B) **ဒေါ်ချိုချိုဝင်း(LL.B)**

တရားလွှတ်တော်ရှေ့နေ

Success ဥပဒေနှင့် ဗီဇွားနေအကြံပေးဝန်ဆောင်မှု

၆၂လမ်းနှင့် ၃၁လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၇၉၇၁၄၀၀၆၀၊ ၀၉-၄၀၂၅၄၉၉၀၄

အမျှားသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၄၅)၊ ဦးပိုင်(၃+၁၃-က)၊ ဧရိယာ(၀ ဒသမ ၀၃၂၅)ဧက အကျယ်အဝန်းရှိ ဦးမြင့်အောင်၊ ဒေါစစ်စမ်းအေး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သွပ်မိုးထရံကာ(၁)ထပ်အဆောက်အအုံ၊ ရေ+မီး အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိနှင့် ဇနီးဖြစ်သူတို့ ပူးတွဲအမည်ပေါက်ပိုင်ဆိုင်ပြီး၊ ဇနီးကွယ်လွန်၍ မိမိတရားဝင်အမွေဆက်ခံပိုင်ဆိုင်ကာ ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိသူဟု အဆိုပြုရောင်းချသူ ဦးမြင့်အောင်(၁၈) ဦးစိန်မောင်(၉/မနမ(နိုင်)၀၅၈၂၃၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေအချို့ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-

ဦးကျော်သူဟန်(LL.B)

အထက်တန်းရှေ့နေ

အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၉၇၄၄၃၃၆၆

မဓမေဟန်နိစ္စီး အသက်(၃၅)နှစ်

(အငယ်တန်းအင်ဂျင်နီယာ-၂၊ အဆောက်အအုံနှင့်ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ)

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်ကွက်နေ ဦးတင်စိုး(ဌာနမှူး)၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ)+ဒေါ်သီတာရွှေတို့၏ သမီး၊ ဦးမြင့်စိုး+ဒေါစန်းစန်းမြင့်တို့၏ သမီးချွေးမ၊ ဒေါက်တာ ရဲထက်မြတ်စိုး+ဒေါက်တာ ဟန်နီကိုကို တို့၏ အစ်မ၊ မမေဘုန်းမြတ်သဒ္ဓါစိုး၏ အဒေါ်၊ ကိုဉာဏ်လင်းထွန်း၏ ချစ်လှစွာသောဇနီးဖြစ်သူ

မမေဟန်နိစ္စီး အသက်(၃၅)နှစ်

သည် ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့(၂၆-၁၀-၂၀၂၆)ရက်၊ ညနေ ၄နာရီ ၉ မိနစ်၊ တနင်္လာနေ့တွင် (၉၆)ပါးသော ရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရပ်ကလာပ်ကို (၂၈-၁၀-၂၀၂၆)ရက်၊ (ဗုဒ္ဓဟူးနေ့)၊ နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်မှ "အေးရိပ်ငြိမ်"သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်ကွက်နေ ဦးတင်စိုး(ဌာနမှူး)၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ)+ ဒေါ်သီတာရွှေတို့၏ သမီး၊ ဦးမြင့်စိုး+ဒေါစန်းစန်းမြင့်တို့၏ သမီး ချွေးမ၊ ဒေါက်တာ ရဲထက်မြတ်စိုး+ဒေါက်တာဟန်နီကိုကိုတို့၏ အစ်မ၊ မမေဘုန်းမြတ်သဒ္ဓါစိုး၏ အဒေါ်၊ ကိုဉာဏ်လင်းထွန်း၏ ချစ်လှစွာသောဇနီးဖြစ်သူ

မမေဟန်နိစ္စီး အသက်(၃၅)နှစ်

(အငယ်တန်း အင်/ယာ ၂ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ)

သည် (၂၆-၁၀-၂၀၂၆)ရက်နေ့ ညနေ ၄ နာရီ ၉ မိနစ်တွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ဝန်ထမ်းမိသားစုများ

ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန

ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(လ၁-၇)၊ ဦးပိုင်အမှတ်(၆)၊ ၆ဧလမ်းနှင့် ၆၉လမ်းကြား၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဖိုးသီး(၅/ရာအန(နိုင်)၂၁၅၈၀၆)က ဂရန်စာချုပ်တင်ပြု၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ မောရက်ပါရပ်ကွက်၊ အကွက်အမှတ်(၇၀၄)၊ ဦးပိုင်အမှတ်(၇)၊ ၃၃လမ်း၊ ၇၄လမ်းနှင့် ၇၅လမ်းကြားရှိ ဒေါ်လှမင်းအမည်ပေါက် ဘိုးဘမြေကွက်အား ဖခင် ဦးမြတ်လွင်၊ မိခင် ဒေါ်လှမင်း၊ သားဦးသောင်းထိုက်လွင်(လူဖျို ဘဝ)တို့ကွယ်လွန်၍ ကျန်ရစ်သော သားဖြစ်သူ ဦးမျိုးထိုက်လွင်(၁၂/မရက(နိုင်)၀၃၅၂၅၀)က အမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးထောက်ခံချက်များတင်ပြု၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(လ၁-၇)၊ ဦးပိုင်အမှတ်(၄၃+၄၄)၊ ဧရိယာ(၀ ဒသမ ၀၁၂၅)ဧက အကျယ်အဝန်းရှိ ဦးမြတ်လွင်၊ ဒေါ်ခင်ကြည်၊ ဒေါ်ညိုတို့ (၅)ဦးပိုင်ဆိုင်သော ဂရန်မြေကွက်အား ဖခင် ဦးချက်၊ မိခင်ဒေါ်ငွေး၊ သမီးဒေါ်အမာလေး(အမျိုးဘဝ)တို့ကွယ်လွန်၍ ကျန်ရစ်သူ ပူးတွဲအမည်ပေါက်သည့် သမီးများဖြစ်ကြသော ဒေါ်ခင်ကြည်(၉/မရတ(နိုင်)၀၆၆၂၉၈)၊ ဒေါ်ညိုး(၉/မရတ(နိုင်)၀၆၆၂၀၁)၊ ဒေါ်ပို(၉/မရတ(နိုင်)၀၆၆၂၀၀)တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြု၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၆၇၆)၊ ဦးပိုင်အမှတ်(၁၈)၊ ၇၅လမ်း၊ ၃၆လမ်းနှင့် ၃၇လမ်းကြားရှိ ဒေါ်ငွေး၊ ဒေါ်အောလေး၊ ဒေါ်ခင်ကြည်၊ ဒေါ်ညိုး၊ ဒေါ်ပိုတို့ (၅)ဦးအမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးချက်၊ မိခင်ဒေါ်ငွေး၊ သမီးဒေါ်အမာလေး(အမျိုးဘဝ)တို့ကွယ်လွန်၍ ကျန်ရစ်သူ ပူးတွဲအမည်ပေါက်သည့် သမီးများဖြစ်ကြသော ဒေါ်ခင်ကြည်(၉/မရတ(နိုင်)၀၆၆၂၉၈)၊ ဒေါ်ညိုး(၉/မရတ(နိုင်)၀၆၆၂၀၁)၊ ဒေါ်ပို(၉/မရတ(နိုင်)၀၆၆၂၀၀)တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြု၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ်(၈၂၁-က)၊ (အ-၈-က)၊ ဦးပိုင်အမှတ်(E-၂)၊ ၆၂လမ်း၊ ၃၅လမ်းနှင့် ၃၆လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်မွန်း ဦးဖန်ရောက်ကြောင်(၁)ဦးလှမြင့်(၁)သန်းလွင် ကွယ်လွန်၍ ကျန်ရစ်သူ ဇနီး ဒေါ်ရန်ဆွေဆိုင်(၁၃/လရန(နိုင်)၀၅၃၂၇၄)က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြု၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ တမူဝတီရပ်ကွက်၊ အကွက်အမှတ်(၄၆၉)၊ ဦးပိုင်အမှတ်(၉-က)၊ ၈၄လမ်း၊ အ-မ-က(၃) ကျောင်းအရောဘက်အနီးရှိ ဦးညွှန့်တင် အမည်ပေါက် ဘိုးဘမြေကွက်အား၊ ဖခင် ဦးညွှန့်တင်၊ မိခင် ဒေါ်မြမြင်းတို့ကွယ်လွန်၍ ကျန်ရစ်သူ သားသမီးများဖြစ်ကြသော ဒေါ်စည်သွဝင်း(၉/မရတ(နိုင်)၁၁၇၆၄၀)၊ ဦးသက်နိုင်အောင်(၉/မရတ(နိုင်)၁၁၇၀၇၄)၊ ဒေါ်ယဉ်ယဉ်မွန်(၉/ခမစ(နိုင်)၀၁၁၁၉)တို့က ဘိုးဘာစာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြု၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၅)၊ ဦးပိုင်အမှတ်(၃၇-ခ)၊ ၁၀၅လမ်းနှင့် ၁၀၆ လမ်းကြား၊ ၅၅လမ်းနှင့် ၅၆လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်မွန်း ဦးသန်းစိန်ကွယ်လွန်၍ ကျန်ရစ်သူ ဇနီး ဒေါ်သန်းနု(ခ)ဒေါ်သန်းသန်းနု(၉/မရတ(နိုင်)၀၃၄၅၃၉)က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ် ရေးမှူးရုံးထောက်ခံချက်များတင်ပြု၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၃၁)၊ ဦးပိုင်အမှတ်(၃)၊ ၉၁လမ်းနှင့် သင်္ဃာဆောင်းအရှေ့ဟတ်လမ်းကြား၊ ၂၈လမ်းနှင့် ၂၉လမ်းကြားရှိ ဒေါ်ခင်ဆိုးအုံး အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ် အမှတ်(၁၄၇၃/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သော သားဖြစ်သူ ဦးရဲလင်း အောင်(၉/ခအဇ(နိုင်)၀၀၉၂၈၁)က အမွေတွဲအမှတ်(၀၂၁၆/ဘ(မြောင်း)/၂၀၂၆-၂၀၂၇)ဖြင့် ဘိုးဘာ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄၉)၊ ဦးပိုင်အမှတ်(၄၆-ခ)၊ ၅၇လမ်းနှင့် ၅၈လမ်းကြား၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်မွန်း ဦးသိန်းထိုက် ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်စိုရိုစိုး(၅/မမတ(နိုင်)၀၇၆၃၇၅)က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြု၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ သီရိမင်္ဂလာ(၂)ရပ်ကွက်၊ အကွက်အမှတ်(၂၂၆)၊ ဦးပိုင်အမှတ်(၁၂)၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်မွန်း ဦးသိန်းထိုက် ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်စိုရိုစိုး(၅/မမတ(နိုင်)၀၇၆၃၇၅)က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြု၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

အသက်သည်
သွေး
သွေးသည် အသက်။

အမှားသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၈၈-၂)၊ ဦးပိုင်နံပါတ်(၃၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ကေ အကျယ်အဝန်းရှိ ဦးစံတင်(ခ)CHAU TSAING အမည်ပေါက် ဂနန်းမြကွက်နှင့် ယင်းမြကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ခေါ်အေးခမ်း(ခ)ခေါ်ရှိလန်(ဘ)ဦးအိုက်မောင်(၁၃/သပန(နိုင်)၀၀၀၄၈)နှင့် ခေါ်အေးအေးမွန်(ဘ)ဦးအိုက်မောင်(၉/မမန(နိုင်)၀၈၀၉၈၆)တို့ထံမှ ကျန်ပိ၏မိတ်ဆွေက အပြီးအပိုင်လွဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြကွက်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျန်ပိ၀ယ်သို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-

ခေါ်သူစောင်း(LL.B)(တရားလွှတ်တော်ရှေ့နေ)

၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၂၅၉၀၄၅၅၀

အမှားသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၀၀-၂)၊ ဦးပိုင်အမှတ်(၅၀-က)၊ ဧရိယာ(၂၀×၄၀)ပေ အကျယ်အဝန်းရှိ မြကွက်မှာ ဦးတင်အုန်း(ဘ)ဦးညီကြီး(PTI-၀၁၇၂၅၁၊ ၉/မနတ(နိုင်)၀၈၃၄၅၅)အမည်ဖြင့် ချထားပေးသော မြကွက်ဖြစ်ပါသည်။ အဆိုပါ မြကွက်နှင့် ယင်းမြကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး၊ လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးချစ်ဝင်း(ဘ)ဦးကျော်ရှင်း(၅/ခဉတ(နိုင်)၀၈၈၇၁၁)ထံမှ ကျန်ပိ၀တို့၏ မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြကွက် အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျန်ပိ၀တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-

ဦးသန်းရွှေ	ဦးအောင်ဖြိုးမောင်	ခေါ်နန်းဖြူဖြူအေး
B.A(Hist), H.G.P	LL.B	B.Sc.PGDL
အထက်တန်းရှေ့နေ	တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ

၅၃ လမ်း၊ ၁၁၀ A လမ်းနှင့် ၁၁၀ B လမ်းကြား၊ ထွန်တုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃

အမှားသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ငါ)ရပ်ကွက်၊ ရဲဘော်ကွက်သစ်၊ ဦးပိုင်အမှတ်(၆/၁၅၄-၄)၊ မြေဧရိယာ(၃၀×၄၆)ပေ အကျယ်အဝန်းရှိ မြကွက်နှင့် ယင်းမြကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု အဆိုပြု ရောင်းချသူ ခေါ်အေးမြခိုင်(ဘ)ဦးလှဝင်း(၉/နထလ(နိုင်)၁၇၄၄၆၄)ထံမှ ကျန်ပိ၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျန်ပိ၀ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စများအား ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-

ခေါ်ခင်ဆွေဝင်း(LL.B) ခေါ်နွယ်နွယ်အောင်(LL.B)

တရားလွှတ်တော်ရှေ့နေများ

အကွက်(၃၄၈)၊ စိန်ဝန်းရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၉၄၉၉၃၃၆၄၆

အမှားသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၂၇)၊ ဦးပိုင်အမှတ် (၅၉)၊ မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ မြကွက်မှာ ခေါ်သင်းသင်းအေး(ဘ)ဦးအေးလွင်(၉/လဝန(နိုင်)၂၀၉၄၆၇)အမည်ပေါက် ဂနန်းမြကွက်ဖြစ်ပါသည်။ အဆိုပါ ဂနန်းမြကွက်နှင့် ယင်းမြကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး၊ လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်ကျော်ဦး(ဘ)ဦးအောင်နိုင်ဦး(၅/တဆန(နိုင်)၁၀၃၀၃၄)ထံမှ ကျန်ပိ၀တို့၏ မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ဂနန်းမြကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျန်ပိ၀တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-

ဦးသန်းရွှေ(B.A(Hist),H.G.P) ဦးအောင်ဖြိုးမောင်(LL.B) ခေါ်နန်းဖြူဖြူအေး(B.Sc.PGDL)

အထက်တန်းရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ

၅၃ လမ်း၊ ၁၁၀ A လမ်းနှင့် ၁၁၀ B လမ်းကြား၊ ထွန်တုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃

ဦးစိုးနန္ဒာအောင်(၉/ပသက(နိုင်)၀၆၆၄၀၈)နှင့် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ နန်းရေ့၊ အကွက်(၁၄)တွင်နေထိုင်သူ ကျန်မ ခေါ်ပြည့်ဖြိုးကြည်(ဘ) ဦးခင်မောင်ထွေး(၉/အမဓ(နိုင်)၀၁၂၉၁၀)နှင့် ဦးစိုးနန္ဒာအောင်(ဘ) ဦးအောင်ကြီး(၉/ပသက(နိုင်)၀၆၆၄၀၈)ကိုင်ဆောင်သူတို့သည် မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်တရားရုံးတွင် (၂၄-၁၁-၂၀၂၅)နေ့ရက်က နှစ်ဦးသဘောတူလက်မှတ်ရေးထိုးကွာရှင်း ပြတ်စဲပြီး ဖြစ်ပါ သည်။ ထိုကဲ့သို့ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်၍ တစ်ဦးနှင့်တစ်ဦး စီးပွားရေး၊ လူမှုရေးစသည့် မည်သည့်ကိစ္စတွင်မျှ လုံး၀(လုံး၀)ပတ်သက်မှုမရှိတော့ပါ။ ထို့ပြင် လူမှုကွန်ရက်များဖြစ်သည့် Facebook, Tiktok, Youtube, Website အစရှိသော (Social Media)များတွင် လည်းကောင်း၊ လူနေမှုဘ၀ ပတ်၀န်းကျင်တွင်လည်းကောင်း တစ်ဦးအပေါ်တစ်ဦး ဂုဏ်သိက္ခာကျဆင်းစေရန် ရေးသားတင်ပြပြောဆိုခြင်း၊ စိတ်ပြိုငြိုငြင်စေရန် မဟုတ်မမှန်ပြောဆိုခြင်း၊ ကန့်ကွက်ခြင်း၊ ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ တစ်နည်းနည်းဖြင့် မြိမ်းခြောက်ခြင်းအစရှိသဖြင့် တစ်နည်းနည်းပြုလုပ်လာခဲ့ပါက ပြုလုပ်သူအပေါ် တည်ဆဲ ဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးစိုးနန္ဒာအောင်(၉/ပသက(နိုင်)၀၆၆၄၀၈)နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကြေညာသူ-

ခေါ်ပြည့်ဖြိုးကြည်(၉/ အမဓ(နိုင်)၀၁ ၂၉၁၀)

၁၉လမ်း၊ ၆၁လမ်းနှင့် ၆၂လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၀၅၉၃၄၆

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(၈-ခ)၊ ဦးပိုင်အမှတ် (၁၃၄-ခ)၊ ဧရိယာ(၁၅×၄၅)ပေ အကျယ်အဝန်းရှိ မြကွက်မှာ ဦးနက်ကြီး(ဘ)ဦးအိုး(၉/မနမ(နိုင်)၀၁၉၁၂၈)အမည်ဖြင့် မြို့ကွက်သစ်ဖော်ထုတ်ရေးအဖွဲ့က ချထားပေးပြီးနောက်(၁-၉-၂၀၁၉)ရက်တွင် မန္တလေးရိုင်းဆွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဗီးလောင်မြေ နေရာပြန်လည်ချထားရေးကော်မတီက ခေါ်သိတာစန်း(ဘ)ဦးဌေးမောင်(၉/မရတ(နိုင်) ၁၁၂၉၁၁)အမည်ဖြင့် ပြန်လည်နေထိုင်ခွင့်ပြုခဲ့ပြီး၊ ထိုသို့ ဗီးလောင်မြေ နေရာပြန်လည်ချထားရေးကော်မတီ၏ ပြန်လည် ဇနထိုင်ခွင့်ရရှိခဲ့သူ ရောင်းချိုင်ခွင့်ရှိသူဟုဆိုသူ ခေါ်သိတာစန်း(ဘ)ဦးဌေးမောင်(၉/မရတ(နိုင်)၁၁၂၉၁၁) ထံမှ ကျန်ပိ၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးစရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါစရန်ငွေပေးချေထားသည့် ဂနန်းမြကွက်အစိတ်အပိုင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူ များရှိပါက ဤကြေညာစာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ကျန်ပိ၀ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူမရှိပါက ရောင်းကြေးကျန်ငွေများ ဆက်လက်ပေးချေပြီး အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဦးဝင်းမိုးဦး(LL.B)

တရားလွှတ်တော်ရှေ့နေ(ဧည့်-၁၀၅၉၄/ ၂၀၁၅)

အမှတ်(၅/ ၁၄၁)၊ ၅၇လမ်း၊ ၃၁လမ်းနှင့် ၃၂လမ်းကြား၊ ဃဉ်ဖျံရပ်၊ ကံကောက်ရပ်ကွက်၊ ချမ်းသာသစ်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၄၄၀၄၆ ၂၀၀

ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၉၈-၂၆)၊ ဦးပိုင်အမှတ်(၈)၊ ၁၀၉လမ်း၊ ၅၂လမ်းနှင့် ၅၃လမ်းကြားရှိ တပ်သားဆန်တာ အမည်ပေါက် တောဂရန်မြေကွက်အား၊ တရားလို ခေါ်ချိမှန်သိုက်က တရားပြိုင် တပ်သားဆန်တာအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်၊ တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၀၄/၂၀၂၆)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အခိုင်ဒီကရီရရှိသူ ခေါ်ချိမှန်သိုက်(၅/မလန(နိုင်)၀၃၁၁၅၅)က တောဂရန်၊ ၂၄၀၀၆/၊ ၄၀၀၀၆/ ငွေသွင်းပြေစာများ၊ မြေချပ်ရိုး တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြမိမ်ကိန်းနှင့် မြေမိမခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက် အမှတ်(၀-၅)၊ ဦးပိုင်အမှတ်(၆၆)၊ လမ်းဂုဝနှင့် ဂုဂလမ်းကြား၊ ၁၁၄လမ်းနှင့် ၁၁၅လမ်းကြားရှိ ဂနန်းမြကွက်အမည်ပေါက်သူ ဦးအောင်မြင့်(၉/သစန(နိုင်)၀၀၁၉၀၁)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၉၂၂/၂၀၀၆)ဖြင့် လွှဲအပ်ခြင်းခံရသူ ခေါ်သင်းသင်းခိုင်(၉/သစန(နိုင်)၀၀၁၆၂၃)က ဂနန်းစာရွက်စာတို့ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြမိမ်ကိန်းနှင့် မြေမိမခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၆၇၅)၊ ဦးပိုင်အမှတ်(၄၆)၊ ၃၇ လမ်းနှင့် ၃၈ လမ်းကြား၊ ၇၅ လမ်းနှင့် ၇၆ လမ်းကြားရှိ ဂနန်းမြကွက်အမည်ပေါက်သော ခေါ်ငွေးငွေးဝင်း၊ ဦးအောင်ဆန်းသင်းတို့(၂)ဦးအနက် ဦးအောင်ဆန်းသင်းထံမှ စွန့်လွှတ်စာချုပ်အမှတ်(၁၈၁၀/၂၀၂၆)ဖြင့် လက်ခံခဲ့သူ ခေါ်ငွေးငွေးဝင်း(၉/မရတ(နိုင်)၁၃၁၀၀၆)က အမှတ္တဲ့ အမှတ်(၃၁၀၀/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြမိမ်ကိန်းနှင့် မြေမိမခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ(အိမ်ခေဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(၉-၅)၊ ဦးပိုင်အမှတ်(၁)၊ မြေကွက်ပေါ်တွင် ဦးသိန်းလွင်(ခ)ကျောက်လှောင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ဟပတ(နိုင်)၀၀၀၇၀၄)က RC(၂)ထပ်အဆောက်အအုံ ဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဆောက် အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

စာအုပ်စာပေလူ့မိတ်ဆွေ။

အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ ကွင်းအမှတ်(၄၉၇/ပုသိမ်ကြီး)၊ ဦးပိုင်အမှတ်(စ/၇၀၅)၊ ဇရိယာ(၀ ဒသမ ၀၅၅)ဧက ဦးတင်လှိုင် အမည်ဖြင့် ချထားပေးသော ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ အကွက်အတွင်းမှ မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်တွမ်ပိရိန်(ဘ)ဦးတွမ်စိမ်းယို(၁၃/ကခန(နိုင်)၀၈၇၉၁၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ကြောင်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဇင်မာသန်း (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ
မဲကင်းကုန်းကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊
မန္တလေးတိုင်းဒေသကြီး။
ဖုန်း ၀၉-၇၉၇၄၆၅၃၃၄

အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(၁၁၁-၁၉)၊ ဦးပိုင်နံပါတ်(၆၀)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၅၅)ဧကခန့်ကို ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်ဆီဆီမွန် (LL.B, LL.M)
တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ
ဒေါ်ယုသဇင်အောင် (LL.M) ဒေါ်အေးနန္ဒာထွန်း (LL.B) ဒေါ်မာလာစိုး (LL.B) ဒေါ်ဖူးသန့်မွန် (LL.B)
တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ
အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၀၃၂၅၅၄၊ ၀၉-၉၇၇၄၄၈၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆

အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(၈၈-၁၃)၊ ဦးပိုင်နံပါတ်(၅၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၅၅)ဧကခန့်ကို ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်ဆီဆီမွန် (LL.B, LL.M)
တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ
ဒေါ်ယုသဇင်အောင် (LL.M) ဦးဖြိုးသာနိုင် (LL.B) ဦးစည်သူအောင် (LL.B) ဒေါ်သဲဖိုမွှတ်နိုး (LL.B)
တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ
အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၀၃၂၅၅၄၊ ၀၉-၉၇၇၄၄၈၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆

အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(၈၈-၃၃)၊ ဦးပိုင်နံပါတ်(၅၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၅၅)ဧကခန့်ကို ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်ဆီဆီမွန် (LL.B, LL.M)
တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ
ဒေါ်ယုသဇင်အောင် (LL.M) ဒေါ်အေးနန္ဒာထွန်း (LL.B) ဒေါ်မာလာစိုး (LL.B) ဒေါ်ဖူးသန့်မွန် (LL.B)
တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ
အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၀၃၂၅၅၄၊ ၀၉-၉၇၇၄၄၈၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆

အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၄)၊ ဦးပိုင်နံပါတ်(၃၄)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧကခန့်ကို ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -
ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ
၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (၈)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၅၉၀၄၅၄၅၀

အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(တတ-၇)၊ ဦးပိုင်နံပါတ်(၃၆)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧကခန့်ကို ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -
ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ
၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (၈)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၅၉၀၄၅၄၅၀

ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(နန-၅)၊ ဦးပိုင်အမှတ်(၆၈) မြေကွက်ပေါ်တွင် ဦးမျိုးထက်ကိုကို(ပါ-၃) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၄/ပသန(နိုင်)၂၁၀၇၇၂)က SS(၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၇)ရပ်ကွက်၊ အကွက်အမှတ်(အ-၈)၊ ဦးပိုင်အမှတ်(၁၄၅) မြေကွက်ပေါ်တွင် ဒေါ်ရန်ကိုက်ရင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ကခန(နိုင်) ၀၅၅၇၉၀)က RC(၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်) ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ (ခြံစည်းရိုး)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၇)ရပ်ကွက်၊ အကွက်အမှတ်(အ-၈)၊ ဦးပိုင်အမှတ်(၁၄၅) မြေကွက်ပေါ်တွင် ဒေါ်ရန်ကိုက်ရင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ကခန(နိုင်)၀၅၅၇၉၀)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ (အိမ်ဖျက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၇)ရပ်ကွက်၊ အကွက်အမှတ်(အ-၈)၊ ဦးပိုင်အမှတ်(၁၄၅) မြေကွက်ပေါ်တွင် ဒေါ်ရန်ကိုက်ရင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ကခန(နိုင်)၀၅၅၇၉၀)က ပျဉ်ထောင်(၂)ထပ် အဆောက်အအုံဖျက်သိမ်းခွင့်(အိမ်ဖျက်မိန့်) ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

❖ နိုင်ငံတော် ရှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

(၅)ကြိမ်မြောက် အာရှမသန်စွမ်းအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၂၆

ဂျပန်နိုင်ငံ နာဂိုယာမြို့တွင် ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့သည့် (၅)ကြိမ်မြောက် အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ ခေါင်းဆောင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ကျော်ကျော်ဦး ဦးဆောင်၍ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ (လေ့ကျင့်) ဦးဝင်းမြင့်၊ အုပ်ချုပ်သူ/နည်းပြများနှင့် မသန်စွမ်းအားကစားသမား စုစုပေါင်း ၁၅ ဦးတို့သည် ပြေးခုန်ပစ်၊ ရေကူးနှင့် တိုက်ကွမ်ဒို အားကစားနည်း သုံးနည်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ နိုင်ငံတော် အတွက် ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် လေးခု စုစုပေါင်းဆုတံဆိပ် ငါးခု ရရှိခဲ့ပြီး နိုင်ငံ ၃၃ နိုင်ငံတွင် အဆင့်(၂၅) ရရှိခဲ့ကြသည်။

စာမျက်နှာ ၄ သို့ ⁜



(၅)ကြိမ်မြောက် အာရှမသန်စွမ်းအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိစဉ်။

မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် အောက်တိုဘာ ၂၆

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး (အောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



နေပြည်တော် အောက်တိုဘာ ၂၆

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်း သာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ် ဘော်လခဲမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာဆရာမများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက် ဂုဏ်ပြု ကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်း သာယာရေးအတွက် ရှေ့တန်း စစ်မျက်နှာများတွင် စစ်ဆင်ရေး တာဝန်များကို နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တပ်နယ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်၊ ကမ်း၍လည်းကောင်း၊ အိုးစည်၊ ဒိုးပတ်၊ အတီး၊ အမှတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း ဝမ်းမြောက် ဝမ်းသာစွာ သောင်းသောင်းဖြဖြ ဂုဏ်ပြု ကြိုဆိုခဲ့ကြပြီး တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြု အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ခုနစ်ဦးအား မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် အောက်တိုဘာ ၂၆

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် လာအိုနိုင်ငံသားနှစ်ဦး၊ သီရိလင်္ကာနိုင်ငံသား နှစ်ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသား တစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံသား တစ်ဦးနှင့် အိန္ဒိယနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ခုနစ်ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှုး၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေး အတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး



ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်း ပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား၀န်ကြီး ဌာန၊ ခရိုင်ဦးစီးမှူး ဒုတိယဥက္ကဋ္ဌနိုင်ငြားရေးမှူး ဦးမျိုးမင်းစိုးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ Counsellor Mr. Donovan Noel Diengdoh နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံးမှ Counsellor Ms. Fadilah Seedeh နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံရုံးမှ Second Secretary Mr.Manivan Bounkham နှင့် တာဝန်ရှိသူများ၊ သီရိလင်္ကာနိုင်ငံနှင့် နိုင်ဂျီးရီးယားနိုင်ငံ သံရုံးတို့မှ သံရုံးကိုယ်စားလှယ် Ms. Amy Kristen Miller နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်း နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်/မြို့နယ်အလိုက် သာယာလှပ သီတင်းကျွတ်ည ပျော်ရွှင်ဆင်နွဲ့ ဆီမီးထွန်းပွဲ မှတ်တမ်းဓာတ်ပုံများ


ညောင်ဦးမြို့


ညောင်ဦးမြို့


မလှိုင်မြို့


သာစည်မြို့


ဝမ်းတွင်းမြို့


ကျောက်ပန်းတောင်းမြို့


ပြင်ဦးလွင်မြို့


မိတ္ထီလာမြို့

မန္တလေးမြို့တော်အတွင်း သာယာလှပ သီတင်းကျွတ်ည ပျော်ရွှင်ဆင်နွဲ့ ဆီမီးထွန်းပွဲ မှတ်တမ်းဓာတ်ပုံများ

















မန္တလေးမြို့တော်အတွင်း သာယာလှပ သီတင်းကျွတ်ည ပျော်ရွှင်ဆင်နွဲ့ ဆီမီးထွန်းပွဲ မှတ်တမ်းဓာတ်ပုံများ


စွယ်တော်မြတ်စေတီတော်


မဟာမုနိဘုရားကြီး


နန်းပြို့ဆုတောင်းပြည့်စေတီ


အောင်တော်မူဘုရား



ကုသိုလ်တော်ဘုရား


ပျော်ရွှင်ဆင်နွဲ့ ဆီမီးထွန်းပွဲ


သာယာလှပ သီတင်းကျွတ်ည


ဆင်အကခြင့် ကပြဖျော်ဖြေမှု

မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်/မြို့နယ်အလိုက် သာယာလှပ သိတင်းကျွတ်ည ပျော်ရွှင်ဆင်နွဲ့ ဆီမီးထွန်းပွဲ မှတ်တမ်းဓာတ်ပုံများ


ညောင်ဦးမြို့


မြင်းခြံမြို့


မတ္တရာမြို့


တံတားဦးမြို့


ညောင်ဦးမြို့


ပျော်ဘွယ်မြို့


ကျောက်ပန်းတောင်းမြို့


ရမည်းသင်းမြို့


စဉ့်ကိုင်မြို့


ငါန်းဇွန်မြို့


ကျောက်ဆည်မြို့


မြစ်သားမြို့


ညောင်ဦးမြို့